


mgyalae.com
years
ရန်အောင်
တိုင်းလုံးကျော်
ဝတ္ထုတိုများ

ထိုင်းလုံးဂေါ်



တရေးဆရာကြီးဦးရန်အောင်၏
အရေးသွက် အတွေးထက် ဝတ္ထုတိုများ

ISBN9789997118349
SHS3
9 789997 118349
2,700.00KS

mgyoe.com

mgyoe.com

တိုင်းလုံးကျော်ဝတ္ထုတိုများ၊ ရန်အောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၈၀ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တိုင်းလုံးကျော်ဝတ္ထုတိုများ

## ရန်အောင်

ပဒေသာမောကြိုး၊ ၂၀၁၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- ရန်အောင်၏ ကိုယ်ရေးအကျဉ်း (က)

၁။ မေတ္တာ ၁

၂။ တမလွန် ၂၁

၃။ လူပြန်တော် ၄၀

၄။ ချစ်စရာ့ ဦးနှောက်ကလေး ၅၆

၅။ ပန်းချီဆရာ ဦးသြဘာ ၆၇

၆။ ဦးသြဘာ့ နောင်တ ၈၄

၇။ ဦးသြဘာ့ သမက် ၉၉

၈။ တိုင်းလုံးကျော် ၁၁၆

၉။ တန်ခိုးရှင် ၁၃၂

၁၀။ လူရိုးကြီး ၁၄၉

၁၁။ ဖြစ်မိသည့်ဝန် ၁၆၆


❐

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com





ရန်အောင်
(၁၉၀၄-၁၉၉၅)

မကွေးတိုင်း၊ ဆင်ပေါင်ဝဲမြို့ဇာတိ။ ၁၉၀၄၊ ဒီဇင်ဘာ ၂၇ ဖွား။ အဖ လက်သမားဆရာ ဦးကျား၊ အမိ ဒေါ်မိလေး။ ငယ်မည် ရန်ကြီးအောင်။ ကြီးသောအခါ ကလောင်အမည်ကို အစွဲပြု၍ အမည်ရင်း ဦးရန်အောင် ဖြစ်လာ၏။

ငယ်စဉ်ကပင် စာပေဝါသနာ အထုံပါလာ၏။ ဆယ်တန်းစာမေးပွဲ အောင်ပြီးနောက် အထက်တန်းဆရာဖြစ်သင်တန်းကို အောင်ခဲ့၏။ ရှေ့နေစာမေးပွဲနှင့် အမျိုးသားတက္ကသိုလ်မှ ဥပစာတန်းစာမေးပွဲကိုလည်း အောင်ခဲ့သည်။

ဈေးသည်၊ ရှေ့နေ၊ ကျောင်းဆရာ၊ စာပြင်ဆရာ၊ ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ အယ်ဒီတာအဖြစ် ဘဝမျိုးစုံ ကျင်လည်ခဲ့သည်။ စာပေဗိမာန် စာပေအတိုင်ပင်ခံနှင့် ရတနာမွန်မဂ္ဂဇင်း အယ်ဒီတာချုပ်တာဝန်ကို ယူခဲ့သည်။

အသက် ၁၅ နှစ်အရွယ်မှစ၍ **ကောစာသစ်**၊ **သက်စောင့်**နှင့် မော်လမြိုင်ထုတ် **ရွှေလမင်း** မဂ္ဂဇင်းတို့တွင် ကလောင်သွေးခဲ့ပြီး **ဒဂုန်**မဂ္ဂဇင်း၌ "မြေထဲနွယ်"ကလောင်အမည်ကို စတင်သုံးခဲ့၏။ နောင်တွင် "ရန်အောင်" ကလောင်အမည်ကို တစိုက်မတ်မတ်သုံးခဲ့သည်။ ဝတ္ထုတို၊ ရှည်၊ ကဗျာ၊ ဆောင်းပါးအများကို ရေးခဲ့၏။ ရေးဆဲလည်း ဖြစ်၏။ ထုတ်ဝေခဲ့သော ဝတ္ထုများအနက် **အညာသားကလေး** (၁၉၆၂)၊ **စာဆိုနှင့် လက်ရာမွန်** (၁၉၆၄) (၁၉၆၄ အနုပညာစာပေဆု ဝတ္ထုတိုပေါင်းချုပ် စတုတ္ထဆုရ စာအုပ်)၊ **မြတ်ပန်းဥယျာဉ်** (၁၉၆၄) (၁၉၆၆ အမျိုးသား

mgyoe.com

mgyoe.com

စာပေ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရစာအုပ်)၊ **ကြိုလေဘုံဘွေ အထွေထွေ** (၁၉၆၈) (၁၉၆၈ အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရစာအုပ်)၊ **ရန်အောင်စာ ရန်အောင်ဘဝ** (၁၉၆၈) (၁၉၆၈ အမျိုးသားစာပေ စာပဒေသာ စတုတ္ထဆုရ စာအုပ်) စသည့် စာအုပ်များကို ပြုစုရေးသားခဲ့သည်။ စုစုပေါင်း စာအုပ် ၄၈ အုပ် ရေးသားထုတ်ဝေခဲ့သည်။

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းကို တည်ထောင်ခဲ့သည့်ပြင် ထိုအသင်း ဥက္ကဋ္ဌလည်း ဖြစ်ခဲ့၏။ ၁၉၉၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ၏ တစ်သက်တာ စာပေဆုကို ချီးမြှင့်ခြင်းခံရသည်။ ၁၉၉၅၊ ဇန်နဝါရီ ၉ တွင် ကွယ်လွန်သည်။ ။

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

# မေတ္တာ

တောရွာကလေးများသို့ သွားရောက်နေထိုင်ကာ စိတ်ကူးရရာ စာပေကလေးများ ရေးသားခြင်းဖြင့် စိတ်နှလုံးလည်း ကြည်လင်ချမ်းမြေ့၊ စာရေး၍လည်း တိတ်ဆိတ်ငြိမ်သက်ကာ သမာဓိရလျက် အသက်ဝင်သော စာပေများ ဖြစ်မြောက်နိုင်သည်။

ထို့ကြောင့် တပေါင်းလပြည့်ကျော် ၁-ရက်နေ့က အင်းစိန်ခရိုင်၊ သာစုကန်ရွာအနီးက အုတ်ဖိုရွာသို့သွားရောက်ကာ စာပေရေးသား၍နေသည်။

တစ်နေ့တွင် ကျွန်တော် တည်းခိုနေထိုင်သည့် ဆေးဆရာကြီးဆရာကျော်၏ အိမ်သို့ လူရွယ်တစ်ယောက် တက်လာကာ ဆရာကတော် ဒေါ်အေးအားစာလွှာကလေးများ ပေးသွားသည်ကို တွေ့ရ၏။ ဒေါ်အေးက စာလွှာများကို ဖတ်ကြည့်ပြီး-

"ဆရာ့အတွက်လည်း ပါတယ်ဆရာ....." ဟုဆိုကာ

ကျွန်တော့်ကို တစ်ရွက်ပေးလာသဖြင့် ဖတ်ကြည့်ရာ သာစုကန်ရွာမှ ထိမ်းမြားမင်္ဂလာပွဲတစ်ခု၏ ဖိတ်စာဖြစ်ကြောင်း သိရ၏။

ကျွန်တော် တည်းခိုနေထိုင်ရာ အုတ်ဖိုရွာနှင့် သာစုကန်ရွာမှာ တစ်မိုင်မျှသာ ဝေးလျက် နှစ်ရွာ တစ်ရွာဖြစ်သည်။ ၄င်းပြင် သာစုကန်ရွာအနီးတွင် သာစုကန်စေတီရှိရကား ကျွန်တော် အုတ်ဖိုရွာသို့ရောက်တိုင်း သာစုကန်

mgyoe.com

mgyoe.com


စေတီကို ဖူးမြော်ရန် အသွားတွင် သာစုကန်ရွာတွင်းသို့ ဝင်လျက် အသိအကျွမ်း မိတ်ဆွေသင်္ဂဟများ ရှာဖွေဖွဲ့စည်း စကားစမြည် ပြောဆိုမြဲဖြစ်သည်။ ထို့ကြောင့် သာစုကန်ရွာကလည်း ကျွန်တော့်ကို သိနေကြသည်။

သို့သော် ယခုဖိတ်စာပါ အိမ်ကိုကား ကျွန်တော် မသိပါ။ ထိုအိမ်ကို ကျွန်တော် ရောက်ဖူးချင် ရောက်ဖူးမည်ဖြစ်သော်လည်း သူတို့၏ နာမည်နာမများကို ကျွန်တော်က မေ့နေခြင်းလည်း ဖြစ်နိုင်၏။ သို့မဟုတ် သာစုကန်ရွာသို့ မကြာခဏလာသည့် စာရေးဆရာ 'ရန်အောင်' ဟူ၍ သူတို့က သိနေကြသဖြင့် ကျွန်တော့်ကို ဖိတ်ခြင်းလည်း ဖြစ်နိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ တောရွာကလေးများသို့ရောက်သခိုက် တောမင်္ဂလာဆောင်သို့သွားကာ တောဗဟုသုတကလေးများဆည်းပူးရသော် ကောင်းလေစွဟု ကျွန်တော် တွေးလျက်-

''ဒေါ်အေးတို့သွားရင် ကျွန်တော်လည်း လိုက်မယ်ဗျို့...'' ဟု လှမ်း၍ ပြောလိုက်၏။

''ဆရာ လိုက်ရင် ကောင်းတယ်ဆရာ...။ ဟိုရောက်ရင် အထူးအဆန်းတွေလည်း ကြားရ၊ သိရလိမ့်မယ်...''

''ဘယ်လို အထူးအဆန်းလဲ ဒေါ်အေးရဲ့...'' ဟု ကျွန်တော်က မေးလိုက်၏။

''ဟိုကျတော့ ဆရာ သိရမှာပေါ့...၊ အထူးအဆန်းပြောမယ့်သူနဲ့ ဆရာနဲ့ မိတ်ဖွဲ့ပေးပါ့မယ်...''

အထူးအဆန်းကို ကြားချင်၊ မြင်ချင်၊ တွေ့ချင်၊ သိချင်သောစိတ်မှာ စာရေးဆရာများတွင် ပို၍ ထက်သန်လေရကား ကျွန်တော်သည် အထူးအဆန်းကြားရ၊ သိရမည်ဆိုသော မင်္ဂလာဆောင်ကျင်းပမည့်ရက်ကို ရောက်ခဲလှချေ၊ ရောက်ခဲလှချေဟု တောင့်တငံ့လင့်၍ နေမိသည်။

မင်္ဂလာဆောင်မည့်နေ့နံနက်တွင် ဒေါ်အေးနှင့်သမီးပျိုကလေးသုံးယောက်တို့သည် ဝတ်ကောင်းစားလှ ဆင်ပြင်ဝတ်စားကြချေပြီ။ ကျွန်တော်လည်း သားသားနားနားကလေးဖြစ်အောင် ဝတ်ဆင်ရ၏။ ပြီးလျှင် ကျွန်တော်တို့တစ်တွေ လှည်းဖြင့် သာစုကန်ရွာသို့ လာခဲ့ကြသည်။ လှည်းမောင်းသူကား ဒေါ်အေး၏ သမီးအကြီးဆုံး ခင်ပွန်း ကိုလှမောင် ဖြစ်သည်။

mgyoe.com

mgyoe.com


ကိုလှမောင်သည် အိမ်ထောင်မကျမီက ဆိုင်းထဲတွင် နှဲဆရာ လုပ်ခဲ့သည်။ ဗျောထောင်ခဲ့သည်။ ယခုကား တောလိုက်၊ အုံလိုက် လယ်လုပ်၍ နေရရှာ၏။ ကိုလှမောင်မှာ သဘင်သည်၊ ဂီတသည်တို့ ဘာဝ ရှင်မြူးသည်။ သူစကားပြောလျှင် ဟာသပါသည်။

လှည်းမောင်းလာရင်းပင် ကျွန်တော့်ဘက်သို့လှည့်ကာ "ကိုရင်ဖိုးရန့် သီချင်းဆိုပါဗျ…" ဟု ကိုလှမောင်က ခပ်သောသော ပြောလိုက်၏။

ကျွန်တော် သူ့အတွက် အလျင်က စပ်ထားခဲ့ဖူးသော သီချင်းတစ်ပုဒ်ကို သံနေသံထားနှင့် ဆိုပြလိုက်သည်။

"ခေါင်းတုံးရယ်ပြောင်၊ မောင်မောင်လှ လူ
ချော၊ မြက်ရိတ်ကာ နွားတွေကျောင်းပါလို့၊
နေစောင်းလျှင် အိမ်ပြန်လာတဲ့ပြင်။ ညံစာစာ
နှဲသံညည်းလို့ရယ်၊ တီးတဲ့သူ့ဗျော။ ။"

ကျွန်တော်၏သီချင်းဆုံးလျှင် ဒေါ်အေးနှင့် သမီးပျိုလေးသုံးယောက်က ပြုံး၍ နေကြသည်။ ကိုလှမောင်က ဟားတိုက်၍ ရယ်ကာ…

"အိမ်ကျရင် ကျွန်တော့်မိန်းမ မစောရီကိုလည်း ဆိုပြဦးနော်… ကိုရင်ဖိုးရန့်၊ ကျွန်တော်က နှဲ လိုက်ပေးမယ်" ဟု ဆိုလေသေးသည်။

တောလမ်း၊ တောစခန်းတွင် လှည်းကြမ်းစီးကာ ရယ်ရယ်မောမော လာရပြန်တော့ ပျော်မိ၊ ရွှင်မိသည်။ မိမိ၏ကြီးရင့်သော အသက်ကိုပင် မေ့၍နေသည်။ ငယ်စဉ်က ဤကဲ့သို့သော တောလမ်း၊ တောစခန်းတို့တွင် ညီမလေးတို့၊ လှထွေးတို့၊ စောလှိုင်တို့ ဟူသော သူငယ်ချင်းမလေးတွေနှင့် တပျော်တပါး လှည်းစီး၍ သွားရသည်ကို ထင်ယောင်၊ မြင်ယောင်မိသည်။ ဒီလိုဆိုတော့လည်း လောကကြီးဟာ ပျော်စရာပါပဲကလား…။

ထို့နောက် မင်္ဂလာဆောင်အိမ်သို့ ရောက်လာကာ တောဓလေ့၊ တောသဘာဝအလျောက် မင်္ဂလာပွဲဆင်နွှဲကျင်းပသည်ကို တွေ့ရ၏။ မင်္ဂလာဆောင် သတို့သား၊ သတို့သမီးတို့သာလျှင်မက တစ်ရွာလုံးပင် အုန်းအုန်းကျွက်ကျွက်ဖြင့် ပျော်ကြ၊ ပါးကြသည်။ တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ကျီစယ်ကာ ရယ်သွမ်းသွေးကြသည်။

မင်္ဂလာကိစ္စပြီး၍ ဒေါ်အေးတို့ ပြန်ရန် ပြင်ဆင်ကြရာ ကျွန်တော်က

mgyoe.com

mgyoe.com


မလိုက်သေး၊ တစ်ညဥ့်အိပ်နေဦးမည်ဟု ပြောလိုက်သည်။

ထိုအခါတွင်မှ ကျွန်တော်၏သဘောကို ဒေါ်အေး ရိပ်မိကာ မင်္ဂလာဆောင် ဇာတ်လိုက်တစ်ဦးနှင့် မိတ်ဖွဲ့ပေးသည်။ ကျွန်တော်သည် စာရေးဆရာဖြစ်၍ ထူးထူးဆန်းဆန်းကလေးများကို ကြားလို၊ သိလိုသည်ဟု ဒေါ်အေးက ပြောပြလိုက်သေးသည်။

ထိုညဥ့်တွင်ပင် အကြင်ဇာတ်လိုက်က ကျွန်တော့်အား သူတို့ဖြစ်စဉ်ကို ကုန်စင်အောင် ပြောပြပေတော့သတည်း။ ။

* * *

သာစုကန်ရွာကလေးထဲ ဝင်မိပြီဆိုရင်ပဲ စိတ်စက်တွေ ကြည်လင်ပြီး ပျော်သလို၊ ရွှင်သလို ဖြစ်လာတာပဲဗျ။ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့ ငယ်စဉ်က ဒီလိုတောရွာကလေးမျိုးတွေမှာ နေခဲ့ရတော့ သာစုကန်ရွာထဲ ရောက်လာတယ်ဆိုရင်ပဲ ငယ်စဉ်က အဖြစ်အပျက်တွေ တွေးမိတယ်။ ငယ်စိတ်၊ ငယ်သွေးတွေ ပေါ်လာတယ်။ တောရွာဆိုတော့ တကယ်ပျော်စရာ၊ ကြည်နူးစရာ၊ ကဗျာဆန်တဲ့ နေရာကလေးပေပဲကလား။

နောက်တစ်ခုကလည်း ကျုပ်တို့ ကြီးပြင်းလာတဲ့အခါ မြို့ကြီးပြကြီးတွေမှာနေရတယ်။ မြို့ကြီးပြကြီးဆိုတာက အမြဲ ပွဲတော်၊ လမ်းတော်ကြီးလုပ်နေတာလို မျက်စိနောက်စရာ၊ စိတ်ရှုပ်စရာတွေချည်း မြင်ရ၊ ကြားရ၊ တွေ့ရဖန်များတော့ တစ်ခါတစ်ခါများ ရူးများသွားမလားလို့တောင် ထင်မိပါတယ်ဗျာ။

အဲ... ဟောဒီ သာစုကန်ရွာကလေးရောက်လာတော့ မြို့မှာနေရလို့ စိတ်နောက်တာတွေဟာ တစ်ခါတည်း ပြေပျောက်သွားသဗျ။ လမ်းကလေးတွေကို ကြည့်ဦးမလား၊ ကောက်ကောက်၊ ကွေ့ကွေ့၊ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ သီတင်းကျွတ်မီးထွန်းပွဲချိန်ခါမှာ ဝက်ပါထဲ ဝင်သွားရသလိုပဲဗျ။ လမ်းဘေးဝဲယာ အိမ်ကလေးတွေကလည်း မြို့ကြီးပြကြီးများမှာလို အကွက်ရိုက်ပြီး စည်းစနစ်ကျကျ ဆောက်ထားတာမဟုတ်ဘဲ ဟိုမှာ တစ်အိမ်၊ ဒီမှာ တစ်အိမ်၊ ဟိုတစ်စု၊ သည်တစ်စုနဲ့ ကြည့်ရှုလို့ ခပ်ဆန်းဆန်းဖြစ်နေသဗျ။

တချို့က ပြောကြလိမ့်မယ်။ လမ်းတွေက ကောက်ကောက်ကွေးကွေး၊

mgyoe.com

mgyoe.com


အိမ်တွေက ရှုပ်ရှုပ်ထွေးထွေး၊ ဒါကိုများ ကဗျာဆန်တယ်၊ အနုပညာဆန်တယ်လို့ ပြောတာ အံ့ပါရဲ့လို့။

ဖြောင့်ဖြောင့်မတ်မတ်၊ တိတိကျကျဆိုရင် ဘယ်မှာ အနုပညာဆန်ပါတော့မလဲဗျ။ ဥပမာ၊ မြစ်တွေ၊ ချောင်းတွေဟာ ကောက်ကောက်ကွေ့ကွေ့ မဟုတ်ဘဲ မျဉ်းသားထားသလိုဖြစ်နေရင် ဘယ်မှာ ကြည့်လို့ဆန်းကြယ်တော့မှာလဲ။ သစ်ပင်တွေဟာလည်း အညွန့်တွေ၊ အခက်တွေ ကောက်ကွေး ယှက်ဖြာမနေဘဲ သေတ္တာများလို လေးထောင့်စပ်စပ်ဖြစ်နေတယ်ဆိုရင် ရှုလို့ပန်မရတော့ဘူးပေါ့။ ပန်းပွင့်ကလေးတွေဟာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ရောင်စုံမဟုတ်ဘဲ တစ်ဆင်တည်း၊ တစ်ရောင်တည်းဆိုရင် စိတ်ဝင်စားစရာ မကောင်းတော့ဘူးပေါ့ဗျာ။

အဲဒီတော့ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေတဲ့ သာဓုကန်ရွာကလေးဟာ ကျုပ်မျက်စိထဲမှာတော့ သိပ်ပြီး ကြည့်လို့တင့်တယ်သပေါ့။ အိမ်ကလေးတွေရဲ့ အနီးပတ်ဝန်းကျင်မှာ စိုက်ပျိုးထားတဲ့ သရက်ပင်တွေ၊ မရန်းပင်တွေ၊ ငှက်ပျောပင်တွေ၊ သင်္ဘောပင်တွေဆိုတာကလည်း ဝေဝေဆာဆာ၊ မြိုင်မြိုင်ဆိုင်ဆိုင် အင်မတန်တင့်တယ်ပေသကိုး။

တောရွာရဲ့ အဆင်တန်ဆာဖြစ်တဲ့ ကောက်ရိုးပုံ၊ စပါးကျီ၊ စပါးထောင်းတဲ့ မောင်း၊ ရေတွင်း အဲဒါကလေးတွေကလည်း တစ်မျိုးကျက်သရေရှိတာပဲ။

ရွာထဲဝင်လိုက်တယ်ဆိုရင်ပဲ ရက်ကန်းလက်ခတ်သံကလေးတွေက တေးဂီတကို သီကျူးနေသလို ကြားလိုက်ရတော့ ကျုပ်စိတ်ထဲမှာ အပျော်ကြီးပျော်၊ အကြည်နူးကြီး ကြည်နူးသွားပြီး ကျုပ်လာခဲ့ရင်းကိစ္စကိုတောင် မေ့သွားသဗျ။

ကျုပ်လာခဲ့ရင်းကိစ္စကတော့ စိတ်မချမ်းသာစရာ၊ ဝမ်းနည်းစရာကိစ္စပါပဲ။ အဲဒီကိစ္စကို သတိရတာနဲ့တစ်ပြိုင်နက် ကြည်လင်နေတဲ့ ကျုပ်စိတ်တွေဟာ နောက်ကျိသွားတယ်။ အင်း… လောကကြီးတစ်ခုလုံးဟာ အကောင်းနဲ့ အဆိုး၊ အလင်းနဲ့ အမှောင် ဒွန်တွဲနေတာပါကလားဆိုတာ ကျုပ်သဘောပေါက်သွားမိပေတယ်ဗျာ။

ရွာလမ်းကလေးအတိုင်း လျှောက်လာခဲ့စဉ်တွင်ပဲ ကျုပ်ဆီကို မျက်နှာ

mgyoe.com

mgyoe.com


ချင်းဆိုင် လျှောက်လာတဲ့ ရွာသားတစ်ယောက်ကို တွေ့လို့ ''မမြနှစ်တို့အိမ် ဘယ်မှာလဲ'' လို့ ကျုပ်က မေးလိုက်တယ်။

''ကျွန်တော် လိုက်ပို့ပါ့မယ်ခင်ဗျာ...'' လို့ အဲဒီရွာသားက ပြောပြီး ကျုပ်ရှေ့က စိုက်စိုက် စိုက်စိုက်သွားတာနဲ့ ကျုပ်လည်း လိုက်သွားရတာပဲ။

ဝါးဝင်းထရံကလေး သေသေသပ်သပ်ခတ်ထားတဲ့ နှစ်ထပ်အိမ် တစ်လုံးဆီကို လမ်းညွှန်တဲ့လူ ဝင်သွားလို့ ကျုပ်လည်း နောက်က လိုက်သွား သဗျ။ အိမ်ကတော့ ပျဉ်ထောင်၊ ပျဉ်ခင်းပါပဲ။ မိုးထားတာကတော့ ဓနိပဲ။ အိမ်သက်ဟာ အနှစ်-၂၀ လောက်ရှိရော့မထင့်။ တော်တော်ကလေးတော့ ဟောင်းနေပါပြီ။

ကျုပ်တို့ အိမ်ဝင်းထဲဝင်သွားတော့ မမြနှစ်ဟာ အိမ်ပေါက်ကို ပြေး ထွက်လာပြီး ''လာ... လာ... ကိုမြအောင်...'' လို့ နှုတ်ဆက်ခေါ်ငင်ရင်း ပဲ သူ့မျက်လုံးများမှာ မျက်ရည်တွေ ဝဲလာသဗျ။

လူ့စိတ်များဟာ တယ်ပြီး အပြောင်းအလဲမြန်ပါကလားဗျာ...။ ဝမ်းသာစရာရှိရင်လည်း လှိုက်လှိုက်လှဲလှဲ ဝမ်းသာလိုက်တာပဲ၊ ဝမ်းနည်းစရာ တွေ့ရပြန်တော့လည်း ရင်ထဲမှာဆို့ပြီး သေတော့မတတ် ဝမ်းနည်းမိတာပဲ။

မျက်ရည်တွေ အိုင်နေတဲ့ မမြနှစ်ကို မြင်လိုက်ရတော့ ကျုပ်လည်း ဝမ်းနည်းပက်လက်နဲ့ ရင်ထဲမှာ ဆို့သွားသဗျ။

သူ့နာမည်က မမြနှစ်တဲ့...၊ ကျုပ်က ကိုမြအောင်...၊ ကျုပ်တို့ နှစ်ယောက်စလုံးရဲ့ နာမည်ထဲမှာ 'မြ' ပါနေတော့ ကျုပ်စိတ်ထဲမှာ တစ်မျိုး ကြီးဖြစ်သွားသဗျ။ သာယာကြည်နူးသွားတယ်ဆိုပါတော့ဗျာ...။

''ဟယ် မထော်မနန်း... အရူးမဟုတ်၊ အကောင်းမဟုတ်...'' လို့ ကျုပ်စိတ်ကို ဆုံးမလိုက်ရတယ်။

ကျုပ်လည်း... အိမ်ဦးခန်းမှာ မမြနှစ် ခင်းပေးတဲ့ သင်ဖြူးကလေး ပေါ် ထိုင်မိတာနဲ့ တစ်ပြိုင်နက်...

''သမီးရေ... ဟောဒီမှာ... ညည်းဦးလေး လာနေတယ်ဟေ့...'' လို့ မမြနှစ်က ဆိုလိုက်ရင်ပဲ အသက် ၁၇-နှစ်လောက်ပဲရှိဦးမယ့် လုံမလေး တစ်ယောက် အိမ်အပေါ်ထပ်က ဆင်းလာသဗျ။ ကလေးမမျက်နှာကို မြင်လိုက်ရင်ပဲ ကျုပ်သူငယ်ချင်း ဘလှရဲ့ မျက်နှာဟာ ကွက်ခနဲ ပေါ်လာတာ

mgyoe.com

mgyoe.com


ပါပဲဗျာ…။ ကျုပ်သူငယ်ချင်း ဘလှက အင်မတန်ချောတဲ့ လူချော၊ လူလှကြီးဗျ။ ဒါကြောင့် သူ့မိဘများက 'ဘလှ' လို့တောင် အမည်ပေးရတာပေါ့။

အိမ်း… ဘလှရဲ့သမီးက ဘလှထက်တောင် ချောနေပါသေးသလားလို့ ကျုပ်စိတ်ထဲမှာ တွေးနေမိသဗျ။

မိန်းကလေးဟာ ချောရုံလှရုံတင် မကသေးပါဘူး၊ သွက်လက်ချက်ချာပုံလည်း ပေါ်သဗျ။ ကျုပ်အနားမှာ ပြုံးပြုံးကလေး ထိုင်လိုက်တာနဲ့ တစ်ပြိုင်နက်…

"ဦးလေး… ကျွန်မတို့ပေးတဲ့စာ ရလား" တဲ့ မေးတယ်။

"အေး… ရသကွဲ့…၊ ရရချင်း ဦးလေး ထလာခဲ့တာပဲ။ သို့ပေမဲ့ ဦးလေးက ကြက်ခြေထောက်လို ဟိုဟိုဒီဒီ လျှောက်သွားနေတဲ့သူဆိုတော့ မင်းတို့ပေးတာနဲ့ ဦးလေးရတာ အချိန်အတော်ကြာကြီး ကွာနေသကွ…"

"ကျွန်မတို့စာပေးတာ ခြောက်လလောက်ရှိပြီ… ဦးလေးရဲ့…" တဲ့။

ဒီတော့ မမြနှစ်က ဝင်ပြောတယ်…၊ "ခင်နုတို့အဖေ ဆုံးတဲ့နေ့မှာပဲ ကျုပ်တို့ စာထည့်လိုက်တာပဲ…၊ သေခါနီးမှာ ခင်နုတို့အဖေဟာ ကိုမြအောင်ကို တ တတနဲ့ပေါ့တော်…၊ တော်တို့ချင်း တော်တော်ချစ်ကြသနော်…"

"ချစ်ဆိုဗျာ… ညီအစ်ကိုအရင်းတောင် ဒီလောက်ချစ်ကြမယ် မထင်ပါဘူး။ ကျုပ်လည်း တောသား၊ သူကလည်း တောသားပဲ။ တစ်ရပ်တည်းသားချင်းတော့ မဟုတ်ဘူးဗျ။ ကျုပ်တို့ငယ်စဉ်က ရန်ကုန်ကျောင်းမှာ အတူတူနေခဲ့ရတယ်။ နေအတူ၊ စားအတူ၊ သွားအတူ၊ လာအတူ၊ အိပ်လည်း အတူတူပေါ့ဗျာ…။ ကျုပ်တို့ကို တခြားကျောင်းသားတွေက ဘယ်လိုပြောသလဲ သိလား…"

"ဘယ်လိုပြောလဲ… ဦးလေး…" လို့ ကလေးမက ကောက်မေးလိုက်သဗျ။

"ယောက်ျား လင်မယားတဲ့ကွာ…၊ ယောက်ျား လင်မယားတဲ့…"

ကလေးမက သွားကလေးပေါ်အောင် ပြုံးနေတယ်။ အဲဒီလို ပြုံးပုံဟာ သူ့အဖေဘလှ ပြုံးပုံမျိုးပဲဗျ။ သူက ဘလှထက် ထူးတာကတော့ သူ့ ဘယ်ဘက်ပါးမှာ ပါးချိုက်ကလေးတစ်ခုတည်း ထင်ထင်ရှားရှား ပေါ်နေ

mgyoe.com

mgyoe.com


တာပဲဗျ…။

ကျုပ်သူငယ်ချင်း ဘလှနဲ့ တထေရာတည်းတူတဲ့ မိန်းကလေးကို တွေ့ရတော့ ကျုပ်သူငယ်ချင်းကို ချစ်သလို ချစ်မိသဗျ။ အင်း… ပိုတောင်မှ ပိုသေးတယ်… ဆိုပါတော့ဗျာ…။

"ဟိုမှာကြည့်စမ်း… ဦးလေး…" တဲ့၊ ကလေးမက သူ့လက် ဖြူဖြူနုနုကလေးနဲ့ ညွှန်ပြလို့ ကြည့်လိုက်တော့… လားလား… ကျုပ်နဲ့ သူ့အဖေ နှစ်ယောက်တွဲပြီး ရိုက်ထားတဲ့ ဓာတ်ပုံကလားဗျ။ ကြာပြီလေ၊ ရိုက်ထားတာက ကြာလှပါပြီ။ ကျုပ်တို့ လူပျိုပေါက်အရွယ် ရန်ကုန်ကျောင်း မှာ အတူနေကြစဉ်က ဘုရားလမ်းက နာမည်ကျော် ဝက်စတတ်ဓာတ်ပုံဆိုင် မှာ ရိုက်တာဗျ။

အိမ်း… ကျုပ်တို့ငယ်ငယ်က ဓာတ်ပုံကို ကြည့်လိုက်၊ ကလေးမကို ကြည့်လိုက်နဲ့ မျက်စိကစားရင်း စိတ်တွေလည်း ကစားမိသဗျ။ ဘာကြောင့် လဲဆိုတော့ ဓာတ်ပုံထဲက ကျုပ်အသက်အရွယ်နဲ့ အခု ကလေးမ အသက် အရွယ်ဟာ မတိမ်းမယိမ်း၊ ရွယ်တူတန်းတူဖြစ်နေတော့ တောတွေး၊ တောင် တွေး တွေးမိပေသပေါ့ဗျာ။

"တော့် သူငယ်ချင်းကဖြင့်လေ တော့်အကြောင်းကို မကြာမကြာ ပြောတယ်။ တော့် ပုံပန်း ရုပ်ရည်ကိုတောင်မှ အပ်ကျမပ်ကျ ပြောပြလွန်း လို့ မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက် မြင်နေတယ်။ ဒါကြောင့်… တော် ဝင်လာလာချင်း မပြောဘဲနဲ့ တော်မှန်းသိတာပေါ့" လို့ မမြနှစ်က အားတက် သရော ပြောသဗျ။

ပြောလည်း ပြောပေမပေါ့။ ကွယ်လွန်သွားတဲ့ လူတစ်ယောက်နဲ့ ပတ်သက်တဲ့ စိတ်ဝင်စားစရာအကြောင်းကလေးတွေကို ပြန်ပြန်စားမြုံ့ပြန်ရ တာဟာ တော်တော်အရသာရှိတဲ့ အလုပ်ပေပဲကလား။

"ကျုပ်တို့ လူချင်းမတွေ့ရတာကြာပြီဗျာ၊ ကြာဆို ဟောဒီကလေးမ အသက်နဲ့ အမျှပဲဆိုပါတော့…။ သို့ပေမဲ့… သူ ဘယ်မှာနေတယ်၊ ကျုပ် ဘယ်ရောက်နေတယ်၊ ကျုပ်တို့ ဘာလုပ်နေကြတယ်၊ ကျုပ်တို့မှာ အရေး တကြီးကိစ္စ ဘာတွေကြုံတွေ့နေရတယ်ဆိုတာတော့ တစ်ယောက်ကို တစ်ယောက် ကောင်းကောင်းသိနေကြတာပဲ။ စာပေးစာယူကတော့ အမြဲရှိ

mgyoe.com

mgyoe.com


သကိုးဗျ'' လို့ ကျုပ်က ပြောလိုက်ရတယ်။

ဒီတော့ ကလေးမက ''ဟုတ်တယ် ဦးလေး…၊ အဖေကလည်း ဦးလေးပြောသလိုပဲ မကြာမကြာ ပြောတယ်။ သေခါနီးမျှား တခြားအကြောင်းတွေ ပြောလှတယ် မဟုတ်ဘူး၊ ဦးလေး အကြောင်းလိုလိုချည်း ပြောတာပဲ။ နောက်ပြီး စာထဲမှာ ကျွန်မတို့ရေးထည့်လိုက်တဲ့အတိုင်း အဖေက ပြောပြတယ်…''

''အင်း… အင်း… ပြောစမ်းပါဦး…၊ သေခါနီး ဘယ်လိုပြောခဲ့သလဲ။ စာထဲမှာပါတာကို ဦးလေး သတိမထားလိုက်မိဘူး။ သူသေတယ်ဆိုတာ သိရတာနဲ့တစ်ပြိုင်နက် ဦးလေးလည်း စိတ်မကောင်းဖြစ်ပြီး စာတောင်ဆုံးအောင် မဖတ်နိုင်ဘဲ… ပြေးလာခဲ့တာပဲ…''

အင်း… ဒါကတော့… ယုံချင်ယုံ၊ မယုံချင်နေ။ ကျုပ် မုသားသုံးလိုက်တာပါ။ ဘယ့်နှယ်ဗျာ… ကိုယ့် သူငယ်ချင်းတစ်ယောက်ဆုံးတဲ့အကြောင်း စာရတာနဲ့ စိတ်မကောင်းဖြစ်ပြီး အဲဒီစာထဲပါတဲ့အကြောင်းတွေ ဆုံးအောင် မဖတ်နိုင်တော့ဘူးဆိုတာဟာ ယုတ္တိမရှိပါဘူး။ ယုတ္တိမရှိပေမဲ့လည်း ကျုပ်တော့ မျက်စိမှိတ်ပြီး လိမ်လိုက်မိတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအကြောင်းကို ကလေးမ ကိုယ်တိုင်ကပြောတာ နားသောတ ဆင်ချင်သကိုဗျ။

ကလေးမကတော့ဖြင့် ကျုပ်ပြောတာ ယုံ မယုံ မသိဘူး၊ ကျုပ်ကြားချင်တဲ့စကားကိုတော့ ပြောပြရှာပါတယ်။

''အဖေ အသက်ပျောက်ခါနီးတော့လေ… ဦးလေးကို တရရခေါ်တယ်။ နောက်ပြီး ဘာပြောသလဲဆိုတော့… သူသေသွားရင် ဦးလေးကို ချက်ချင်းမှာပါတဲ့၊ နောက်ပြီး နင်တို့သားအမိကို အပ်ခဲ့တယ်လို့ ပြောပြပါတဲ့၊ နင်တို့သားအမိကလည်း သူ စီမံခန့်ခွဲရာကို လိုက်နာရမယ်တဲ့… ဦးလေးရဲ့…''

ဟုတ်ပါတယ်၊ ဒီအကြောင်းတွေကို ကျုပ်ဆီ သူတို့ပေးလိုက်တဲ့ စာထဲမှာ အပြည့်အစုံ ပါပြီးပါပြီ။ ကလေးမနှုတ်ဖျားကပြောတာ ကြားချင်လို့ ကျုပ်က မေးတယ်၊ ကလေးမကလည်း ပြန်ပြောတယ်။ အဲဒီလို ပြောသံကြားရတော့ ကျုပ်စိတ်ထဲမှာ ပိုပြီး သာယာကြည်နူးမှုဖြစ်သပေါ့ဗျာ…။

mgyoe.com

mgyoe.com


"နင်တို့ သားအမိကို အပ်ခဲ့တယ်လို့ ပြောပြပါ..." တဲ့။ "နင်တို့ သားအမိကလည်း သူစိမ်ခန့်ခွဲရာကို လိုက်နာရမယ်..." တဲ့။ ကြည့်လေ သူ့စကားတွေက။ ဒါတွေကို ကြားရ၊ သိရတော့ ကျုပ်မှာ ဝမ်းနည်းသလို၊ ဝမ်းသာသလို ဘယ်လိုကြီးဖြစ်မှန်းတော့ မသိဘူး...။ ရင်ထဲမှာ တုန်လှုပ်ချောက်ချားနေတယ်။ စင်စစ်တော့ ဝမ်းနည်းတာနဲ့ ဝမ်းသာတာဟာ သိပ်ပြီး ထူးခြားတာတော့ဖြင့် မဟုတ်ပါဘူးဗျာ။ စိတ်ချောက်ချား ဖောက်ပြန်မှုချည်း ပါပဲ။

အဲဒီနောက်တော့... ခင်နုတို့အဖေ... ကျုပ်သူငယ်ချင်းနေရာမှာ ကျုပ်က အစားထိုးနေရတယ်ပဲ ဆိုပါတော့ဗျာ။

ခင်နုတို့အမေက မမြနှစ်၊ ကျုပ်က ကိုမြအောင်တဲ့။ မြနှစ်မြပါ ကလားဆိုတာ တွေးမိတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲဗျ။ နောက်ပြီး ခင်နု ကလေးဟာ ကျုပ်အင်မတန်ချစ်တဲ့ သူငယ်ချင်း ဘလှနဲ့ ချွတ်စွပ်တူနေ ပြန်တော့ ဘလှကိုချစ်သလို သူ့ကိုလည်း ချစ်မိတယ်။ သို့သော်... ဘလှကို ချစ်မှုက ယောကျ်ားချင်းချစ်မှု၊ ခင်နုကို ချစ်တာကတော့ ယောကျ်ားနဲ့ မိန်းကလေးချစ်နည်း ချစ်တော့၊ အင်း... တစ်မျိုးကြီးပဲဆိုပါတော့ဗျာ။

အဲဒီလို ကျုပ်စိတ်တွေ ကယောက်ကယက်ဖြစ်ရတဲ့အထဲ သွားလေသူ သူငယ်ချင်းရဲ့ မှာစကားကို နားထဲမှာ ကြားယောင်ပြန်တော့ မီးလောင်ရာ လေပင့်ဆိုသလို ကျုပ်စိတ်တွေဟာ ထွေသထက် ထွေလာတယ်။

ကျုပ်သူငယ်ချင်းက ဒီသားအမိနှစ်ယောက်ကို ကျုပ်လက်ထဲ ဝကွက်အပ်ခဲ့တယ်ဆိုတာက ဘယ်လိုအပ်ပုံအပ်နည်းလဲ။ ကျုပ်က ရိုးရိုး စောင့်ရှောက်ရမှာလား၊ ဆန်းဆန်းစောင့်ရှောက်ရမှာလား။ ရိုးချင်ရိုး၊ ဆန်း ချင်ဆန်း သဘောရှိစောင့်ရှောက်ချင်သလို စောင့်ရှောက်ရမှာပဲလား။ ဒီအကြောင်းတွေကို တွေးရင်း ကျုပ်စိတ်ထဲမှာ ဝေလာတယ်။

အနှစ်-၂၀ လောက် ငုပ်နေတဲ့ ကျုပ်ရဲ့အနုသယစိတ်ဟာ မသင့်တဲ့ အစာစားမိလို့ ရောဂါဟောင်းထသလို ထလာတယ်။

ကျုပ်ရဲ့ ခြောက်နေတဲ့ ဦးနှောက်ဟာ စိုလာတယ်။ ကျုပ်ရဲ့ညှိုးနေ တဲ့ နှလုံးသားဟာ လန်းဆန်းလာတယ်။ ကျုပ်လည်း ရွှင်လို့၊ မြူးလို့ ပေါ့လေ။

mgyoe.com

mgypoe.com


ဒါကတော့ ကျုပ်စိတ်ထဲမှာ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတာတွေကို ဟုတ်တိုင်း မှန်ရာဖွင့်ပြောတာပါ။ အမှန်ကတော့ စိတ်သာရှိပြီး လူက မပါပါဘူး။ ကျုပ် နေတာထိုင်တာ၊ ပြောတာဆိုတာကတော့ဖြင့် ဝါတော်လေးဆယ်ရပြီး မထေရ်ကြီးလို အင်မတန်သိက္ခာဣန္ဒြေရင့်ကျက်ပြီး ကြည်ညိုချင့်စဖွယ်ကြီးပဗျာ။

သို့ပေမဲ့ စိတ်သွေးဆောင်ရာ လူကပါတဲ့ ကိစ္စတွေကတော့ ဖုံးမရ၊ ဖိမရ ဘူးပေါ်သလို ပေါ်ပေါ်လာသဗျ။

ရေချိုး အင်မတန်ကြောက်တဲ့ ကျုပ်ဟာ တစ်နေ့ကို သုံးလေးကြိမ် ရေချိုးမိသဗျ။ ရေချိုးပြီးပြန်တော့ ကရင်းမ်ကလေး၊ ပေါင်ဒါကလေး မသိမသာ သမိပြန်သဗျ။ နပေ့၊ ယဉ်ပေ့ဆိုတဲ့ အဆင်ကိုမှ ရွေးဝတ်သပေါ့ဗျာ။ အင်း… ကျုပ်လည်း သုံးထမ်းပိုးကျမှ အရွသင်ဆိုတာလို အသက်ကြီးခါမှ သူငယ်ပြန်ပြီး လူပျိုပေါက်ကလေးလို လုပ်နေမိတယ်။

ဒီလို လှမှု၊ ပမှု၊ ဝတ်စားဆင်ယင်မှုတွေကို ကျုပ် သပိတ်မှောက်ထားခဲ့တာ အနှစ်–၂၀ ကျော်ပြီလေ…။ အင်း… အနှစ်–၂၀ လုံးလုံး ငုပ်နေတဲ့ အနာဟောင်း ထလာပြန်တာပေါ့ဗျာ…။

ခင်နုတို့သားအမိကလည်း ကျုပ်ကို အင်မတန်ခင်မင်လေးစားပြီး ဘုရားတစ်ဆူ ဂူတစ်လုံးဆိုတာလို လုပ်ကျွေးသမှုပြုကြသဗျ။ တစ်သက်လုံးက အိမ်နဲ့ယာနဲ့ မနေခဲ့ဘဲ ခြေသလုံးအိမ်တိုင် လျှောက်လည်လာခဲ့တဲ့ ကျုပ်ဟာ ခုလို… အိမ်ခြေ၊ ယာခြေ အတည်တကျနဲ့နေရတော့ တော်တော်ပဲ အရသာပေါ်သဗျ။ ဒီလိုချည်း အမြဲနေရရင် ကောင်းလေစွ။ အရင့်အရင်က ဒီလိုမနေခဲ့ရတဲ့ အချိန်ကာလတွေကို နှမြောဖွယ် ကောင်းလေစွလို့ ယူကျုံးမရ တသ ဝမ်းနည်းခြင်း ဖြစ်မိသပေါ့ဗျာ…။

ကိစ္စတစ်ခု ပေါ်ပေါက်ဖြစ်ပွားရတယ်ဆိုတာဟာ တွေးမှု၊ ကြံမှုပေါ်မှာ တည်တတ်တာမျိုးပဲကိုး။ ကျုပ်ဟာ အိုးနဲ့ အိမ်နဲ့ အခြေတကျနေရတဲ့ အရသာတွေ့လာလို့ အိုးနဲ့ အိမ်နဲ့နေဖို့ စိတ်ကူးထည့်လိုက်တယ်ဆိုရင်ပဲ အဲဒီလို နေနိုင်လောက်တဲ့ အစီအမံ အလုပ်အဆောင်တွေပါ တွေးရ၊ ကြံရ၊ လုံးပန်းရတာပါပဲဗျာ။

ရှင်းရှင်းနဲ့ ဘွင်းဘွင်း ပြောရမယ်ဆိုရင်တော့ ကျုပ်ဟာ မမြနှစ်ကို

mgypoe.com

mgyoe.com


ယူရမလား၊ ခင်နုကို ယူရမလားလို့ တွေးကြံရတဲ့ကိစ္စပဲဗျ။ အင်း… ဒီလို အတွေးမျိုး၊ အကြံမျိုးတွေကိုသာ ငါ့ သူငယ်ချင်းဘလှ သေရာကသိရရင် စိတ်မကောင်းများဖြစ်လေမလားလို့ တွေးတဲ့အခါ တွေးမိရဲ့၊ ဒီလိုလုပ်ရင် မသင့်တော်ပါဘူး ထင်ပါရဲ့လေလို့လည်း ကိုယ့်စိတ်ကို ကိုယ်ဆုံးမတဲ့အခါ လည်း ဆုံးမမိပါရဲ့။

သို့ပေမဲ့ လူဆိုတဲ့လူဟာ တော်တော်ဆင်ခြေဆင်လက်များတတ်တဲ့ သတ္တဝါကလားဗျာ။ ကိုယ်လုပ်ချင်တဲ့အလုပ်ကို ကိုယ့်ဟာကိုယ် ကန့်ကွက်တယ်၊ ကိုယ့်ဟာကိုယ် ဆင်ခြေဆင်လက်တက်ပြီး ထောက်ခံတယ်။ နောက်ပြီး ကိုယ့်ဟာကိုယ်ပဲ ဆုံးဖြတ်လိုက်တာဖြစ်တော့… ငါပဲ တရားခံ၊ ငါပဲ တရားသူကြီးဖြစ်နေပေါ့ဟာ ငါပဲ တရားနိုင်တော့တာပေါ့ဗျာ။

အင်း… သူတို့သားအမိနှစ်ယောက်ကို တစ်ယောက်ယောက် ယူမယ်လို့ ဆုံးဖြတ်လိုက်ရင်ပဲ ဘယ်သူ့ယူရမလဲဆိုတဲ့ ပြဿနာပေါ်လာတယ်။ ဒီပြဿနာအတွက်လည်း ငါပဲ တရားလို၊ ငါပဲ တရားခံ၊ ငါပဲ တရားသူကြီးဖြစ်တော့ ဟဲ… ဟဲ… ယောက်ျားတို့ ထုံးစံအတိုင်း ကောင်မလေးဘက် မဲအများကြီး အသာရသွားတာပဗျာ။

မရယ်နဲ့လေ…၊ ကျုပ်က ဟုတ်တိုင်း မှန်ရာကို ဖွင့်ပြောတတ်တဲ့ ဝါသနာအတိုင်း ဖွင့်ပြောနေတာပဲ။ အခု ခင်ဗျားရယ်သလို တခြားသူတွေကလည်း ရယ်ကြမှာပဲဗျ။ လူတွေတင်တောင်မကဘူး ဆရာရေ့…၊ သဘာဝ တရားကတောင် ရယ်သဗျ။

သဘာဝတရားက ရယ်ရင် မပေါ့နဲ့တော့ဗျ။ သဘာဝတရားဆိုတာက ဘယ်သူ့ကိုမှ မျက်နှာကြီးငယ်လိုက်တာ မဟုတ်ဘူး၊ ခေါင်းထောင်လာရင် ဆီးထုလိုက်တာပဲ။ ခြေဖျားထောက်လာရင် ဝပ်သွားအောင် နှိမ်လိုက်တာပဲ။ ချီထောင်ရင် ချီစောင်းရိုက်လိုက်တာပဲ။ ချိန်ခွင်ညှာ ဖောက်ထိုးဖြစ်နေရင် အလေးတင်းပေးတတ်သဗျ။

အယ်… ကျုပ်လည်း ထနေသကိုးဗျ။ ဒီတော့ သဘာဝတရားက ကျုပ်ကို ထိုင်သွားအောင် နှိမ်ပါလိမ့်မဗျာ။ နားသာ ထောင်နေပေတော့။

ကျုပ်က ကောင်မလေးကို မျက်စိကျနေပြီဖြစ်လို့ ထိကပါး၊ ရိကပါး လုပ်သဗျ။ ရိပ်တိတ်တိတ်၊ ချိတ်တိတ်တိတ် ပြောသဗျ။ ကောင်မလေးက

mgyoe.com

mgyoe.com

လည်း သိရက်နဲ့ပဲလား၊ မသိလို့ပဲလားတော့ဖြင့် မဆိုနိုင်ဘူး။ ပြုံးပြုံး၊ ပြုံးပြုံးနဲ့ဗျ။ ဒီတော့ ဘသားကြီး ပိုပြီး အတင့်ရဲလာတော့တာပေါ့ဗျာ။

တစ်နေ့မှာ မီးလောင်ရာ လေပင့်ဆိုသလို ကျုပ်ကို သူက မေးသဗျ။

''ဦးလေး… တစ်သက်လုံး မိန်းမ မယူဘဲ လူပျိုကြီး လုပ်နေတယ်လို့ အဖေက ပြောဖူးတယ်… ဟုတ်လား'' တဲ့။

ဒီလိုကိစ္စမျိုးတွေ ပြောပါစေ၊ မေးပါစေလို့ ကျုပ်ဆုတောင်းနေမိတာနဲ့ အတော်ကျသွားတာပဲဗျာ။ ဒီစကားမျိုးတွေ မေးမှ၊ ပြောမှ ကိုယ်လိုချင်တာတွေ ဆွဲပြီး နင်းလိုက်နိုင်မှာကိုးဗျ။ ဒါကြောင့် ကျုပ်က ''ဟုတ်တယ်၊ ဦးလေး… တစ်သက်လုံး လူပျိုကြီး လုပ်လာခဲ့တာပဲ'' လို့ အသားယူပြီး ဝမ်းပန်းတသာ ပြောလိုက်တယ်။

''ဘာဖြစ်လို့ လူပျိုကြီး လုပ်တာလဲ ဦးလေး…'' တဲ့၊ သူက မေးပြန်သဗျ။

''အေး… နဖူးစာဆုံရမယ့်လူ မတွေ့သေးလို့ပေါ့ကွယ်…'' လို့ ကျုပ်က မင်းသားကြီး ညည်း၊ ညည်းလိုက်တယ်။

''အခုကော… နဖူးစာ ဆုံရမယ့်လူ တွေ့ပလား ဦးလေး…'' ဆိုတဲ့ အမေးကို ကျုပ်က မျှော်လင့်သပေါ့ဗျာ။ သို့သော် သူပြောပုံက…

''အဖေကပြောတော့ ဦးလေး ငယ်ငယ်က အသည်းစွဲချစ်တဲ့ ရည်းစားရှိတယ်ဆို၊ အဲဒီရည်းစားဟာ သူများနဲ့ လိုက်ပြေးလို့ ဦးလေး ကျန်ရစ်ကြီးဖြစ်နေရစ်ခဲ့တယ် ဆိုပါကလား…''

ကျုပ်တော့ဗျာ…ဘာမှ ပြန်မပြောနိုင်ဘဲ ပါးစပ်ကြီး ဟောင်းလောင်းနဲ့ ကလေးမကို စိုက်ကြည့်နေမိတယ်။ ကျုပ်ဇာတ်ထုပ်တွေ ပေါ်ကုန်ပေါ့ကိုးဗျ။ ရှက်လည်း ရှက်စရာပေပဲဗျာ…။

သို့ပေမဲ့ ကျုပ် ရောက်ချင်တဲ့ခရီး ရောက်အောင်တော့ တက်ပဲ့နဲ့ ပေမဲ့ဖြစ်အောင် လှော်လိုက်တာပါပဲ။

''ဟင်… ဟုတ်လား… မခင်နုတို့ အဖေက ဒီလိုပဲ ပြောသလား'' လို့ ကျုပ်က အံ့အားသင့်ဟန်နဲ့ မေးလိုက်တယ်။

ဒီတော့ သူက ''ဟုတ်တယ်၊ အဖေက ဒီလိုပဲ ပြောဖူးတယ်။ နို့ အဖေ ပြောတာ မဟုတ်ဘူးလား…'' တဲ့။

mgyoe.com

mgyoe.com


''ဟုတ်တယ်... ဟုတ်တယ်... မင်းတို့အဖေ ပြောတဲ့အတိုင်း ပါပဲ။ အဲဒီကတည်းက ဦးလေးဟာ ရင်ကွဲပြီး အသည်းနှလုံးတွေ မရှိတော့ သလိုဖြစ်သွားတာပါပဲကွာ။ ဦးလေးဟာ အဲဒီလို စိတ်မချမ်းသာစရာကိစ္စ ကြီး တွေ့ကြုံရတာနဲ့ပဲ ဦးနှောက်တွေ မှုမမှန်တော့ဘဲ စိတ်ထင်ရာ လျှောက် လည်နေတာဟာ ဒီကနေ့ထိအောင်ပဲ ဆိုပါတော့ကွာ...။ မနည်းဘူးလေ... အနှစ်-၂၀ ကျော်ခဲ့ပြီ...။ အင်း... အခုတော့ဖြင့် ဦးလေးစိတ်တွေ နည်းနည်း ငြိမ်ပြီး နေသာထိုင်သာကလေးရှိသွားပြီကွ...'' လို့ လိုရင်းကို အုပ်လိုက်ရတယ်။

သူလည်း ခေတ်ကာလသမီးမို့ အရိပ်ပြ အကောင်ထင်သွားဟန်တူ ပါရဲ့။ သူ့မျက်နှာထားကလေးက တစ်မျိုးဖြစ်သွားတယ်။ ရှက်သလိုလို၊ ကြောက်သလိုလို၊ ဘာကလို တိုတိုကလေးဖြစ်ပြီး မျက်နှာကလေး ရဲခနဲ ဖြစ်လာတယ်။ အဲဒီရှက်သွေးရောင်ဖျန်းတဲ့ နီမြန်းတဲ့မျက်နှာကလေးဟာ လည်း တစ်မျိုးကြည့်ကောင်းတာပဲဗျ။

ကျုပ်ကတော့ စမိတဲ့အတူတူ မထူးတော့ပါဘူးဆိုပြီး ကျုပ်ကို သနားလာအောင်၊ ကြင်နာလာအောင်၊ မေတ္တာကရုဏာမိုးတွေ ဖွေကျိုး သွန်းဖျန်းအောင် အလွမ်းမင်းသားကြီးလုပ်ပြီး အလွမ်းဇာတ်ကို တွင်တွင် ကြီးသာ ခင်းပြတာပေါ့ဗျာ။

ကျုပ်စကားတွေ ဆုံးတော့ ကလေးမက ဘာပြောလဲသိလား...၊ ''သြော်... ဦးလေးအဖြစ်က သနားစရာနော်...'' တဲ့။

တော်ပြီလေ... ကျုပ်ပြောရကျိုးနပ်ပါပြီ။ ကလေးမက ကျုပ်ကို သနားသွားတယ်ဆိုတာဟာ ကျုပ်အတွက် ထီပေါက်တာကပဲ။ ဘာကြောင့် လဲဆိုတော့ သနားတယ်ဆိုတာဟာ ချစ်တယ်ဆိုတာနဲ့ အမြွာမွေး မောင်နှမ ဖြစ်တဲ့အပြင် သနားတာက ချစ်တာထက်တောင် ပိုပြီး ရေချိန်မှီသေးသဗျ။

ကျုပ်လည်း တစ်လုံးသွင်း၊ နှစ်လုံးသွင်းနဲ့ ကောင်မကလေးကို ဆင်ကျုံးသွင်းသလို သွင်းသွင်းလာလိုက်တာ တော်တော်ကလေး ထိရောက် လာသဗျ။ ကောင်မလေးဟာ ကျုပ်ကိုမြင်ရင် ရှက်ကိုးရှက်ကန်း အမူအရာ နဲ့ ပြုံးစနဲ့နဲ့လုပ်တယ်၊ ဝတ်ကောင်းစားလှကလေးတွေ ပိုဆင်လာတယ်။ အရင်ကထက် အလှအပပြင်တယ်။ ကျုပ်ကို ပြည်တည်တည်၊ ရိတိတိ ပြောတယ်။

mgyoe.com

mgyoe.com


တစ်နေ့တော့ ကျုပ်တို့ အရေးတော်ပုံကြီးဟာ ပေါက်ကွဲတော့တာ ပါပဲဗျာ။ ပေါက်မယ့်ပေါက်တော့ ကောင်မကလေးဆီက မပေါက်ဘူး၊ သူ့အမေ ဆီက ပေါက်သဗျို့။

သူ့အမေ မမြနှစ်ဟာ ကျုပ်အနားလာပြီး တီးတိုးတိုင်ပင်သဗျ။

"ခင်နုကို အိုးအိမ်ထောင် ချပေးချင်ပြီ" တဲ့…။

ကျုပ်က ဝမ်းမြောက်ဝမ်းသာနဲ့ပေါ့လေ…

"အင်း… ကောင်းသားပဲ…၊ ဘယ်သူနဲ့လဲ…၊ မြင်ထားတာများ ရှိသလား…" လို့ ပျာပျာသလဲ မေးလိုက်တော့…

"လှော်ကားက မောင်ညွန့်ဖေနဲ့" တဲ့…၊ ကဲဗျ မွတ်ကရော နထွတ်။

ကျုပ်က ကျုပ်နဲ့များသဘောတူလို့ နေရာချပေးမယ် ထင်မိပေသကိုး။

"ဒီသူငယ်ရဲ့မျိုးရိုးကို သိသလား၊ သူ့အရည်အချင်းက ဘယ်လိုလဲ၊ ဘာလဲ၊ ညာလဲ" ပေါ့ဗျာ။ ကျုပ်က ဇာတ်လိုက်ဘဝက လူကြမ်းဖြစ်လာ ရတော့ ရက္ခစိုးလုပ်ပြီး လေနိကြမ်း ဆင်ခွဲဖို့ကိစ္စတွေ မေးရမြန်းရ၊ စုံစမ်းရ တာပေါ့ဗျာ။

တခြားမှာလည်း မောင်ညွန့်ဖေအကြောင်း စုံစမ်းတဲ့အခါ "မေးပါများ စကားရ" ဆိုတာလို မောင်ညွန့်ဖေဆိုတဲ့ သူငယ်နဲ့ပတ်သက်တဲ့ သတင်းထူး ကြီးတစ်ခု ကြားတာနဲ့ ဝမ်းသာအားရ မမြနှစ်ကိုခေါ်ပြီး "မောင်ညွန့်ဖေ အကြောင်း မမြနှစ် သေသေချာချာသိရဲ့လား" လို့ မေးလိုက်တယ်။

မမြနှစ်က "သိပါတယ်၊ မောင်ညွန့်ဖေဟာ ဆွေကောင်းမျိုးကောင်း ထဲက လူလိမ္မာ၊ လူရိုးလူကောင်းကလေးပါ" တဲ့။

"မောင်ညွန့်ဖေဟာ မိမစစ်၊ ဖမစစ်က မွေးထားတဲ့ ကလေးကချေ သူငယ်ဆိုတာ မမြနှစ် သိသလား" လို့ မေးလိုက်တော့ မမြနှစ် မျက်လုံး ပြူးသွားပြီး "ဟင်… ဟုတ်လား၊ ဘယ်လို မိမစစ်၊ ဖမစစ်လဲ…" တဲ့၊ အံ့အားကြီးသင့်ကာ မေးတယ်။

"မောင်ညွန့်ဖေ အမေဟာ လူတစ်ယောက်နဲ့ ကိုယ်ဝန်ရှိပြီး အခု မောင်ညွန့်ဖေ အဖေဆိုတဲ့လူနောက် လိုက်ပြေးတာတဲ့၊ ဒီတော့ ခုရှိတဲ့ အဖေဆိုတာက သူ့အဖေ မဟုတ်ဘူးတဲ့။ သူ့အဖေဟာ ဘယ်သူဘယ်ဝါ ဆိုတာ မသိဘူးတဲ့…"

mgyoe.com

mgyoe.com


''ဒီသတင်းဟာ အမှန်ပဲလား…'' လို့ မမြနှစ်က မျက်ကလဲဆန်ပျာ မေးရှာတယ်။

''ဟုတ်တယ်… ကျုပ်စုံစမ်းကြည့်တော့ ဒီအတိုင်းကြားတာပဲ'' လို့ပြောတော့ မမြနှစ်ဟာ တွေတွေကြီးဖြစ်သွားတယ်။

''ဒီလိုဆိုရင် စဉ်းစဉ်းစားစားလုပ်တာပေါ့လေ…။ ကျုပ်က ဒီသူငယ်နဲ့ အပ်ကျမပ်ကျ ပေးစားမယ်လို့လည်း ပြောတာ မဟုတ်ပါဘူး။ ကိုမြအောင်ကို တိုင်ပင်တဲ့သဘောနဲ့ ပြောတာပါ။ ကိုမြအောင် သဘောမကျဘူးဆိုရင်လည်း မပေးစားပါဘူး။ ဘာကြောင့်လဲဆိုတော့ ခင်နုတို့အဖေက ကျုပ်တို့သားအမိကို ကိုမြအောင် လက်ထဲကိုပဲ အပ်နှံခဲ့တယ် မဟုတ်လား'' လို့ ပြောတော့မှ ကျုပ်က ဝမ်းအသာကြီး သာသွားပြီး ''ဖေကြံတာ… ဖေကြံတာ'' လို့ စိတ်ထဲမှာ ရေရွတ်ရင်း ပီတိဖြစ်နေသပေါ့ဗျာ။

စင်စစ်တော့ ခင်နုတို့သားအမိဟာ ကျုပ်လက်ခုပ်တွင်းရေ ဖြစ်နေတော့ ဘယ်ကိစ္စပဲဖြစ်ဖြစ် ကျုပ်စီမံသလို ခံကြရတော့မှာကိုး။

မမြနှစ်ကို ကျုပ်ဆွယ်လို့ရတဲ့အတွက် ကျုပ်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ခင်နုကိုလည်း မောင်ညွန့်ဖေအကြောင်း ဒီအတိုင်းပဲ ဖောက်သည် ချလိုက်တယ်။

ခင်နုကတော့ တစ်မျိုးပဲဗျို့။

''ကိုညွန့်ဖေရဲ့ အဖေအရင်းဟာ ဘယ်သူဘယ်ဝါဆိုတာ မသိရတဲ့အတွက် ကိုညွန့်ဖေကို ပိုသနားဖို့ကောင်းတာပေါ့ ဦးလေးရယ်…'' တဲ့။

ဒီတော့ ကျုပ်က ''ဟဲ့… လူမှာ အမျိုး၊ ကြက်မှာ အရိုးတဲ့ကွဲ့။ လူများဟာ မျိုးရိုးကို အင်မတန် လိုက်တတ်တယ်။ မျိုးရိုးမကောင်းရင် အကျင့်စာရိတ္တလည်း မကောင်းတတ်ဘူး၊ စိတ်နေသဘောထားလည်း ယုတ်ညံ့တတ်တယ်… ဘာ၊ ညာ'' နဲ့ပေါ့ဗျာ။ မောင်ညွန့်ဖေကို စိတ်ပျက်အောင် ကျုပ်လည်း တတ်နိုင်သမျှ လိုမ့်ရတာပဲ။

နောက်ဆုံးတော့ ခင်နုက ''ဦးလေးနဲ့ အမေက သဘောမတူရင် ကျွန်မ မယူပါဘူး'' ဆိုတဲ့ ကတိရလို့ ကျုပ် တော်တော်ကလေး ဝမ်းသာသွားသဗျ။ သို့ပေမဲ့ ကာလသားသမီးတွေဆိုတာက ယုံရတာ မဟုတ်ဘူး။ လူကြီးကိုတော့ ကောင်းပြီ ကောင်းရဲ့ ပြောပြီး ကွယ်ရာမှာ သူတို့ စိတ်ထင်

mgyoe.com

mgyoe.com


ရာကို လုပ်တတ်ကြတာကလား။

ဒါကြောင့် ကျုပ်လည်း စိတ်အေးလက်အေးမနေနိုင်ဘဲ လှော်ကားကို လိုက်သွားပြီး မောင်ညွှန့်ဖေ သတင်းကို စနည်းနာတယ်။ ကျုပ်ကသာ မောင်ညွှန့်ဖေကို မသိတာ၊ မောင်ညွှန့်ဖေကတော့ ကျုပ်ကို သိနေသဗျ။ ကျုပ် သာစုကန်ကို ရောက်လာတာကို မောင်ညွှန့်ဖေ သတင်းကြားပြီးပြီ။ ခင်နုတို့သားအမိဟာ ကျုပ်ဩဇာခံတွေဆိုတာကိုလည်း မောင်ညွှန့်ဖေ သိတယ်။ ဒါကြောင့် ကျုပ်တဲတဲ့အိမ်ကို မောင်ညွှန့်ဖေ ပေါက်လာပြီး ခင်နုနဲ့ သူနဲ့ ချစ်ကြိုက်နေကြတဲ့အကြောင်း ပွင့်ပွင့်လင်းလင်းပြောတယ်။ သူ့မိဘမျိုးရိုးကိုလည်း ဖွင့်ပြောရှာတယ်။

အင်း… လူ့စိတ်ဟာ တော်တော်ဆန်းကြယ်တာပဲဗျာ။ တခြား လူတွေရဲ့စိတ်ထက် ကျုပ်စိတ်က ပိုပြီးတောင် ဆန်းကြယ်သေး။ ကျုပ်ဘဝ အကျိုးပေးက ဆန်းကြယ်တယ်လို့ ဆိုချင်လည်း ဆိုနိုင်ပါတယ်။

မောင်ညွှန့်ဖေနဲ့ တွေ့ပြီး ကျုပ်လည်း လှော်ကားက သာစုကန်ကို ပြန်ခဲ့တယ်။ ရောက်ရောက်ချင်းပဲ ခင်နုတို့သားအမိကို ခေါ်ပြီး… မောင်ညွှန့်ဖေနဲ့ ခင်နု လက်ထပ်ပေးဖို့ ကျုပ်က တိုက်တွန်းတယ်။

သူတို့ မျက်လုံးပြူးသွားကြတာပေါ့။ အကြီးအကျယ် ဖျက်လိုဖျက်ဆီး လုပ်နေတဲ့ ကျုပ်က အခုတော့ ဖုတ်ပူမီးတိုက် မောင်ညွှန့်ဖေနဲ့ နားချနေ ပြန်တယ်ဆိုတော့ အံ့သြကြပေမပေါ့လေ။

စင်စစ်တော့ ကျုပ်စိတ်ထဲမှာ ဘယ်လိုသဘောရှိတယ်၊ ကျုပ် ဘာကြံ စည်နေတယ်ဆိုတာ ကျုပ်ကသာ မသိဘူးထင်နေတာကလား၊ ခင်နုတို့ သားအမိကတော့ သိကြသဗျ။ ရှင်းရှင်းပြောရရင် ကျုပ် ခင်နုကို နောက်ပိုး ပိုးနေတာကို သူတို့သားအမိ ရိပ်မိကြတယ်။ ဒီတော့ ကျုပ်က မောင်ညွှန့်ဖေ နဲ့ ခင်နုကို သဘောတူပါတယ်လို့ဆိုတာနဲ့ မယုံနိုင်ကြဘူးပေါ့ဗျာ။

ကျုပ်က သူတို့ကို သွေးတိုးစမ်းနေတယ် ထင်သဗျ။

ကျုပ်ကလည်း သူတို့ ယုံကြည်အောင် အမျိုးမျိုးရှင်းပြပြီး မင်္ဂလာ ဆောင်ကိစ္စအတွက် ကုန်ကျသမျှစရိတ်ကို ကျုပ်က တာဝန်ယူပါ့မယ်လို့ ပြောပြရတယ်။ နောက်ပြီး မင်္ဂလာမဆောင်ခင် မောင်ညွှန့်ဖေ အဖေနဲ့ လှော်ကားက လူကြီးတွေဟာ သာစုကန်လာပြီး စေ့စပ်ကြောင်းလမ်းကြဖို့

mgyoe.com

mgyoe.com


ကျုပ်စီစဉ်ပြီးခဲ့ပြီဆိုတဲ့အကြောင်းတွေကို ပြောပြတော့မှ မယုံတစ်ဝက်၊ ယုံတစ်ဝက်နဲ့ ကျုပ်ဘာတွေ ဆက်လုပ်ဦးမလဲလို့ အကဲခတ်တဲ့အနေနဲ့ ကြည့်နေကြတယ်။

ဟုတ်တယ်လေ၊ ကျုပ်က စေတနာသန့်သန့်မထားခဲ့တော့ စေတနာသန့်သန့်ထားတဲ့အခါမှာလည်း မယုံကြည်နိုင်ကြဘူးပေါ့။

မကြာခင်ဘဲ မောင်ညွန့်ဖေအဖေနဲ့ လှော်ကားကလူကြီးတွေ သာရေးကန်လာပြီး ကလေးတွေကိစ္စအတွက် စေ့စပ်ကြောင်းလမ်းကြတယ်။ အဲဒီအခါကျတော့ တစ်ရွာလုံးကပဲ ကျုပ်ကို အံ့သြကြတယ်။ ခင်နုကို ကျုပ်ပိုးနေတယ်ဆိုတာ တစ်ရွာလုံးကလည်း သိကြသကိုးဗျ။ အဲဒီလိုသိကြတော့ အခု ကျုပ်ကပဲ စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စမှာ ရှေ့ဆောင် ခေါင်းရွက်လုပ်ပြီး စီစဉ်နေပြန်တယ်ဆိုတော့ တစ်မျိုးတစ်မည် ထင်ကြပေသပေါ့ဗျာ။

တောအရပ်ဆိုတော့ ကိုယ့်ထင်ချက်ကို ဖုံးဖိမထားကြဘူးဗျ၊ ပွင့်ပွင့်လင်းလင်း ပြောကြတယ်။ အချို့ကများ ကျုပ်ကိုတောင် ဖွင့်မေးကြတယ်။

သူတို့ထင်နေတာက ခင်နုကို ကျုပ် ပိုးနေပြီးတော့မှ အခုတစ်ဖန် မောင်ညွန့်ဖေနဲ့ ပေးစားမယ်လုပ်ပြန်တာဟာ ကျုပ်မှာ တစ်ခုခု ချွတ်ယွင်းနေလို့လားတဲ့၊ ရယ်လည်း ရယ်စရာပဲဗျာ။ တချို့ကတော့လည်း ကျုပ်နဲ့ ခင်နု မလွတ်မကင်းဖြစ်ပြီး ကိုယ်ဝန်ရှိနေလို့ မောင်ညွန့်ဖေကို လှည်းကျိုး ဝင်ထမ်းခိုင်းတာတဲ့ဗျ။

တော်တော်လည်း တွေးလုံး တောလုံး သန်တတ်ကြတဲ့သူတွေပဲ။

အိမ်ထောင်ရေးမှာ ကျုပ်ဘဝ အကျိုးပေးကိုက မကောင်းပါဘူးဗျာ။ စောစောက ကျုပ်ပြောခဲ့တဲ့အတိုင်းပဲ၊ လွန်ခဲ့တဲ့ အနှစ်–၂၀ ကျော် ကျုပ်ခပ်ငယ်ငယ်က ကျုပ်ရည်းစားဟာ သူများနောက်လိုက်ပြေးတဲ့အတွက် ကျုပ်မှာ အရူးကြီးလိုဖြစ်ပြီး ကျန်ရစ်ခဲ့ရပါတယ်။ အခုတစ်ဖန် ဟန်ပပတဲ့လို့ စိတ်ချနေတုန်း ကသိကအောက်ဖြစ်ရပြန်ပြီလေ။ ဒီလိုကိစ္စတွေပေါ်တော့ ကျုပ်ကို ဗေဒင်ဆရာတစ်ယောက်ဟောတာ သွားသွားသတိရတယ်။ ကျုပ်ဟာ ကြာသပတေးထွန်းတယ်၊ သောကြာ ဘင်္ဂကျတယ်တဲ့။ ဒီတော့ ရိုးရိုးမိန်းမနဲ့ပတ်သက်ရင် ကံကောင်းတယ်၊ သားကံမယားကံကျတော့ အင်မတန်ဆိုးသတဲ့ဗျ။ ဟုတ်လည်း ဟုတ်တာပဲ၊ ကြည့်လေ···ခင်နုတို့ သားအမိဟာ

mgyoe.com

mgyoe.com


ရိုးရိုးမိန်းမအနေနဲ့ ဆက်ဆံတဲ့အခါ ကျုပ်အတွက် အင်မတန် ကောင်းတယ် မဟုတ်လား။ အယ်… ဟိုလိုကိစ္စမျိုးကြုံမိတာနဲ့တစ်ပြိုင်နက် ချောက်ကျတော့တာပဲဗျို့။

ဒါနဲ့… မကြာခင်ပဲဆိုပါတော့ဗျာ…၊ မောင်ညွန့်ဖေနဲ့ ခင်နုကို လက်ထပ်ဖို့ကိစ္စစီစဉ်ပြီး ဟောဒီကနေ့ပဲ ကျုပ်ကိုယ်တိုင် လက်ထပ်ပေးရသဗျ။ မောင်ညွန့်ဖေနဲ့ ခင်နုတို့ကလည်း ဝမ်းသာကြသပေါ့ဗျာ။ မောင်ညွန့်ဖေအဖေနဲ့ ခင်နု အမေကလည်း တပြုံးပြုံးနဲ့ပဲဗျ။ ခင်ဗျားမြင်တဲ့အတိုင်းပါပဲ။ ကျုပ်ကိုတော့ သာခုကန်ရွာကရော၊ ရွာနီးချုပ်စပ်ကပါ တော်တော် ဆန်းကြယ်တဲ့ လူကြီး…၊ တော်တော်ထူးဆန်းတဲ့ မင်္ဂလာဆောင်ပဲလို့ ထင်နေကြတယ်။

"ကဲ ခင်ဗျားကော ကျုပ်လုပ်ပုံတွေ ဆန်းတယ်လို့ မထင်ဘူးလားဗျာ…" ဟု ဦးမြအောင်က ကျွန်တော့်ကို မေးပြန်ပါသည်။

"သာမန်မျက်စိနဲ့ ကြည့်ရင်တော့ ဆန်းသလိုလို ထင်ရမှာပေါ့ခင်ဗျာ။ သို့ပေမဲ့ လူကြီးစိတ်နဲ့ ကလေးစိတ်က တူတာမှ မဟုတ်ဘဲ၊ ကလေးဆိုတာက အိမ်ထောင်ရေးဇာတ်ခုံပေါ်မှာ ကိုယ်တိုင် ဇာတ်လိုက်လုပ်ချင်ကြတယ်၊ လူကြီးကတော့ ဇာတ်လိုက်မလုပ်ဘဲ ဒါရိုက်တာလုပ်ရလည်း ကျေနပ်တာမျိုးပဲ…" ဟု ကျွန်တော်က ပြောရာ…

"မဟုတ်ဘူးဗျ…၊ ကျုပ်က ဒီသဘောမျိုး မဟုတ်ဘူး။ ကျုပ်မှာ အကြောင်းထူးရှိတယ်.."

"ဘယ်လို အကြောင်းထူးပါလဲခင်ဗျာ…" ဟု ကျွန်တော်က မေးလိုက်ရာ ဦးမြအောင်က ဘယ်သူမျှမသိအောင် စာရေး၍ ပြပါသည်။

(မောင်ညွန့်ဖေဟာ ကျုပ်သား၊ သူ့အမေက ကျုပ်ရည်းစား။ ။)

မြဝတီ၊ ဧပြီ၊ ၁၉၅၃။

❒

mgyoe.com

mgyoe.com



# တမလွန်

ရန်အောင် ရေးသည်

တမလွန်၊ ရည်ညွှန်၏ပွေးနေ၊ ၊
သက်ဝေါဆယ် သုံးနှစ်ခွန်၊၊ ယွန်းရဖြန်၍။ ။(ရန်အောင်)

mgyoe.com

mgyoe.com

# တမလွန်

တမလွန်၊ ရည်ညွှန်း၏မွေးနေ့။
သက်ငါးဆယ်သုံးနှစ်စွန်း။ ယွန်းရပြန်၍။
ရန်အောင်

စီစီညံညံ အော်ဟစ်ငိုယိုသံများကို ကြားရသောအခါ ကျွန်ုပ်သည် ထိတ်လန့်တုန်လှုပ်၍ သွားမိသည်။

ထိုငိုသံများကား ကျွန်ုပ်၏ မယားနှင့် သားသမီးများ၏အသံနှင့်တူလှသည်ဟု တွေးမိကာ အသံလာရာဆီသို့ ကြည့်လိုက်မိသောအခါတွင်ကား ကျွန်ုပ် ထင်သည့်အတိုင်းပင် ဖြစ်နေတော့သည်။

ကျွန်ုပ်၏ မယားနှင့် သားသမီးကလေးများသည် တစ်စုံတစ်ရာကို ဝိုင်းရံကြည့်ရှု ပွေ့ဖက်ကာ အသည်းအထန် ငို၍နေကြ၏။ သူတို့ ဝိုင်းရံနေသောအရာကို ကြည့်လိုက်သောအခါတွင်ကား ကျွန်ုပ်မှာ အံ့သြလွန်းမက အံ့သြလှသဖြင့် သတိလစ်သလိုပင် ဖြစ်၍သွားမိပေသည်။

ကျွန်ုပ်၏မယားနှင့် ရင်သွေးကလေးများသည် သူသေအလောင်းတစ်ခုကို ပွေ့ဖက်ငိုကြွေးနေကြ၏။ ထိုအလောင်းကား အခြားသူမဟုတ်၊ ကျွန်ုပ်ပင်လျှင် ဖြစ်၍နေ၏။

mgyoe.com

mgyoe.com


ကျွန်ုပ်သည် ဇီဝိန်ချုပ်ကာ တမလွန်လောကသို့ ရောက်ခဲ့ရချေပြီ တကား။

ကျွန်ုပ်၏မယားက "ဆရာရဲ့…ဆရာရဲ့…" ဟုခေါ်ကာ အော်ကာ တစာစာငို၍နေ၏။ ကျွန်ုပ်၏ သားသမီးကလေးများကမူကား "အဖေရဲ့… အဖေရဲ့…" ဟု တမ်းတကာ တကျူးကျူးငိုကြရှာသည်။

ကွယ်လွန်သေဆုံးခဲ့ရသည့်အတွက် ကျွန်ုပ်မှာ ဝမ်းနည်းပူဆွေးခြင်း မရှိသော်ငြားလည်း ကျွန်ုပ်၏မယားနှင့် ရင်သွေးကလေးများ၏ ပူပန်သောက ပရိဒေဝကို တွေ့ရသောအခါတွင်ကား သူတို့အား ကြင်နာသနားကာ စိတ်မကောင်းဖြစ်ရပေသည်။

ကျွန်ုပ်သေဆုံးသည့်သတင်းကို တစ်နည်းနည်းဖြင့် ကြားကြဟန်တူ ၏။ ကျွန်ုပ်၏ မိတ်ဆွေ သင်္ဂဟများ၊ စာရေးဆရာများ၊ သတင်းစာဆရာများ၊ သတင်းထောက်များသည် တဖွဲဖွဲရောက်လာကြကာ ကျွန်ုပ်၏အလောင်းကို ရှေးဦးစွာကြည့်ရှုပြီးနောက် သူတို့ချင်း တစ်ယောက်နှင့်တစ်ယောက် စကား ပြောဆိုနေကြသည်။

အချို့သည် ကျွန်ုပ်၏ဇနီးကို ဝိုင်းဝန်းမေးမြန်းကြ၏။ အားပေးစကား ပြောကြ၏။ အချို့ကလည်း ကျွန်ုပ်၏ သားသမီးကလေးများကို ချော့မော့ ယုယ၍နေသည်။

ကျွန်ုပ်၏ အသုဘသို့ ရောက်ရှိလာကြကုန်သောလူများကား မြောက်မြားလှစွာ၏။ အချို့ကား ကုန်းကြောင်း၊ အချို့ကား ဆိုက်ကားနှင့်၊ အချို့ ကား ကိုယ်ပိုင်ကားနှင့်ဖြစ်ရာ ကျွန်ုပ်မှာ ပုထုဇဉ်ပီပီ ထိုပရိသတ်ကြီးကို ကြည့်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသေး၏။

ကျွန်ုပ်၏အလောင်းကို ရေမိုးချိုးကာ အကျႌအနပြင်ဆင်၍ ထားကြ ၏။ အလောင်း၏ ခေါင်းရင်းဘက်တွင် ဓာတ်ပုံကြီးတစ်ပုံ ချိတ်ဆွဲ၍ထား၏။ ထိုဓာတ်ပုံမှာ ကျွန်ုပ်၏ဓာတ်ပုံပင်လျှင်ဖြစ်ရာ ကျွန်ုပ် မသေမီ သုံးလေးလက ရိုက်ကူးလျက် ပုံကြီးချဲ့ထားခြင်း ဖြစ်၏။

ကျွန်ုပ်၏ အသုဘသို့ လာရောက်မေးမြန်းကြသူများအနက် ကျွန်ုပ် သိကျွမ်းသူများလည်း ပါလျက် ကျွန်ုပ် မသိကျွမ်းသည့် သူများက ပို၍ပင် များပေသေးရာ ထိုသူများမှာ ကျွန်ုပ်ရေးသည့်စာများကို ဖတ်ရသည့်အတွက်

mgyoe.com

mgyoe.com


ကျွန်ုပ်အား ကြည်ညိုလေးစားနေသည့်သူများ ဖြစ်ပေလိမ့်မည်ဟု တွေးမိ၏။

ယင်းသို့ တွေးမိသောအခါတွင်မှ ကျွန်ုပ် စာရေးဆရာ ဖြစ်ခဲ့ရသည်ကို ဝမ်းမြောက်ကျေနပ်ခြင်း အတိုင်းမသိ ဖြစ်မိတော့သည်။

အကယ်၍ ကျွန်ုပ်သည် သူဌေးကြီး၊ သူကြွယ်ကြီး ဖြစ်ပါဘိမူကား ကျွန်ုပ်၏ အသုဘသို့လာကြသောသူများသည် ငွေကြေးမျက်နှာကြောင့်သာလျှင် လာခြင်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

အကယ်၍ ကျွန်ုပ်သည် အရာကြီး၊ အထူးကြီးရှိသူ ပုဂ္ဂိုလ်ဖြစ်ပါဘိမူကား ကျွန်ုပ်၏အသုဘလာပရိသတ်မှာ ကျွန်ုပ်၏ရာထူးဂုဏ်သိန်ကြောင့် လာခြင်းသာလျှင် ဖြစ်နိုင်၏။

ယခုမူကား... ကျွန်ုပ်မှာ ရာထူးဂုဏ်သိန် ဘာတစ်ခုမှမျှမရှိသော ဆင်းရဲသားစာရေးဆရာကြီး ဖြစ်ပါလျက် ဤမျှလာရောက်ကြခြင်းမှာ ကျွန်ုပ်၏ စာပေကို နှစ်သက်ခုံမင်ကြသည့်အတွက် ကျွန်ုပ်အား ကြည်ညို၊ မြတ်နိုးက တကယ့်စိတ်ကောင်း၊ စေတနာကောင်းနှင့် လာကြခြင်းဖြစ်ပေရကား အဘယ်မှာလျှင် ကျွန်ုပ် ဝမ်းမသာဘဲ နေပါအံ့နည်း။

အသုဘလာပရိသတ်များကား စုဝေးထိုင်ကြက ကျွန်ုပ်၏အကြောင်းကို ပြောနေကြသည်။ ကျွန်ုပ်၏ စာပေများကို ချီးကျူးကြသည်။ ကျွန်ုပ်အား ချစ်ခင်ကြင်နာသနားကြကြောင်း အညီအညွတ် ဆိုကြကုန်၏။

ကျွန်ုပ်သည် ထိုသူတို့၏ စကားဝိုင်းတွင်ထိုင်က သူတို့နှင့် စကားစမြည် ပြောလိုက်ချင်လှပါ၏။ သို့သော် ကျွန်ုပ်ကား သူတို့တစ်တွေကဲ့သို့ မြင်သာထင်သာသည့် ရုပ်နာမ်မျိုးမရှိတော့ဘဲ ဓာတ်သဘောမျှသာဖြစ်သော ရုပ်နာမ်၏ပိုင်ရှင်ဖြစ်နေရကား သူတို့သည် ကျွန်ုပ်အား မမြင်၊ မတွေ့နိုင်တော့ချေတကား။ ကျွန်ုပ်ကလည်း သူတို့ကြားအောင်၊ သိအောင် အသံထွက်လျက် စကားမပြောနိုင်ချေတကား။

ကျွန်ုပ်သည် ကျွန်ုပ်၏ အလောင်းအနီးအနားတွင်သော်လည်းကောင်း၊ ကျွန်ုပ်၏ အိမ်နီးပါး ဝန်းကျင်တွင်သော်လည်းကောင်း တဝဲလည်လည်နှင့် လှည့်ပတ်သွားလာကာ အချိန်ဖြုန်းခဲ့ရ၏။

ကျွန်ုပ်ကား ဝိညာဉ်လောကသို့ရောက်နေပြီ မဟုတ်ပါလော။ ဝိညာဉ်လောကအကြောင်းကို ဘယ်သူမျှ တိတိကျကျ၊ သေသေချာချာ မသိကြ။

mgyoe.com

စိတ်ကူးဖြင့် ထင်တွေးကာ တောရမ်းပယ်ဖွဲ့ အကျယ်ချဲ့၍ ပြောကြခြင်းသာလျှင်ဖြစ်၏။ ဝိညာဉ်လောကသား တစ်စုံတစ်ယောက်ကမျှလည်း လူတို့အား သွားရောက်ပြောပြခြင်း မရှိသည့်အတွက် လူ့လောကနှင့် ဝိညာဉ်လောကသည် တစ်ကဏ္ဍစီခြားကာနေသကဲ့သို့ ဖြစ်ရပေသည်။

ကျွန်ုပ်လူဖြစ်ခဲ့စဉ်က မြင်ရသမျှ၊ ကြားရသမျှ၊ တွေ့ရသမျှကို စာဖြစ်အောင်ရေးကာ စာဖတ်ပရိသတ်အား တင်ပြပြောကြားခဲ့၏။ ယခု ကျွန်ုပ်ဝိညာဉ်လောကသို့ ရောက်လာရသောအခါတွင်လည်း လူ့ဘဝက အထုံဝါသနာသည် ကပ်ငြိပါလာလေရကား ဝိညာဉ်လောကတွင် ကျွန်ုပ် ကျင်လည်နေထိုင်ရပုံများကို လူတို့အား ပြောပြလိုစိတ်ပေါ်လာတော့သည်။

ဝိညာဉ်လောကအကြောင်းကို ပြောပြလျှင် အချို့လူများသည် နားရှင်းကောင်းမှ ရှင်းပေလိမ့်မည်။ ဥပမာ မွေးကတည်းက မျက်စိမမြင်ခဲ့သူတစ်ယောက်အား အဖြူ၊ အနီ၊ အပြာ၊ အဝါ စသော အရောင်အဆင်းများအကြောင်းကို ပြောပြလျှင် မည်သည့်နည်းနှင့်မျှ သိနိုင်မည်မဟုတ်။ မွေးကတည်းက နားမကြားသူတစ်ဦးအား အသံအမျိုးမျိုးတို့ အကြောင်းကို သဘောပေါက်အောင် ပြောပြ၍ မဖြစ်။ လျှာမရှိသူအား အရသာအကြောင်းကို သိအောင် လုပ်နိုင်စွမ်းမရှိ။

ထို့အတူပင်လျှင် လူတွေနှင့်မတူ၊ အဖြစ်အမူကွဲလွဲသော ဝိညာဉ်လောကအကြောင်းကို လူတွေသိအောင် ပြောပြရန်ကား အတော်ခက်ခဲသောကိစ္စဖြစ်၏။

ဥပမာ "ဝိညာဉ်လောကဟူသည် ရုပ်ဒြပ်ဝတ္ထု အထင်အရှားမရှိ။ 'သဘော' မျှသာတည်း" ဟုဆိုလျှင် လူအပေါင်းတို့ နားလည်ကြမည်မထင်။ "ရုပ်ဝတ္ထုမရှိလျှင် ဘာမျှမရှိသော အရာသာဖြစ်၍ ဘာမျှမဟုတ်" ဟုဆိုကြပေလိမ့်မည်။

ဝိညာဉ်လောက၏ 'သဘော' ဟူသောအကြောင်းကို လူအပေါင်းတို့ နားလည်တန်သမျှ နားလည်အောင် သာဓကကပ်၍ ပြရပေလိမ့်မည်။

အရောင်အဆင်းဆိုပါစို့...၊ အရောင်အဆင်းတွင် ရုပ်ဝတ္ထုမရှိ၊ သဘောသာလျှင် ရှိ၏။ နေရောင်၊ လရောင် စသည်တို့သည် အာကာသအနှံ့ပျံ့သွား ဖြာထွက်နေ၏။ ကိုင်တွယ်၍မရ၊ ဝတ္ထုဒြပ် အထင်အရှားမရှိ၊

mgyoe.com

mgyoe.com


သို့သော် ထိုအရောင်သည် ရုပ်ဝတ္ထုတစ်ခုနှင့် တွေ့သောအခါတွင်ကား ထင်ရှားစွာပေါ်၍လာ၏။ အကယ်၍ အရောင်အလင်းသည် ဘယ်ရုပ်ဝတ္ထုနှင့်မျှ မတွေ့ရလျှင် ပေါ်လွင်ထင်ရှားခြင်းမရှိ၊ သို့ မရှိသော်လည်း အရောင်အလင်းကား ရှိနေသည်သာလျှင်တည်း။

အခြား ဥပမာတစ်ခုကို ဆိုဦးအံ့။ လူတို့သည် တစ်ယောက်ကို တစ်ယောက် ချစ်ခြင်း၊ မုန်းခြင်း စသော စိတ်ဓာတ်များဖြင့် ပို့လွှတ်ကူးဆက်နေ၏။ ထိုစိတ်ဓာတ်၏ ရိုက်ခတ်မှုကို တွေ့ကြုံခံစားကြရ၏။ သို့သော် စိတ်ဓာတ်ဟူသည် အကောင်အထည်မရှိသော 'သဘော' သက်သက်သာလျှင် ဖြစ်၏။

ဝိညာဉ်လောကကား ဤဥပမာများနည်းတူပင်လျှင် ဒြပ်မရှိသော 'သဘော' သက်သက်သာတည်း။

ယင်းသည့် ဝိညာဉ်လောကသဘောတရားများကား လူ့လောကထက်ပင် ဆန်းကြယ်လှပေသေး၏။ လူတို့တွင် မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ အရသာခံခြင်း၊ ထိတွေ့ခြင်း၊ ကြံစည်ခြင်းဟူ၍ အာရုံခြောက်ပါးသာလျှင် ရှိသော်ငြားလည်း ဝိညာဉ်လောကတွင်ကား ထိုအာရုံခြောက်ပါးသာလျှင်မက မြောက်မြားလှစွာသော အာရုံတို့သည်ရှိကြပေသေး၏။ ထိုအာရုံတို့၏ အမည်နာမကို ဖော်ပြရန်ကား လူ့လောကတွင် ထိုအမည်၊ ထိုဝေါဟာရတွေ မရှိသည့်အတွက် လူတို့နားလည်အောင် အဘယ်မှာလျှင် ဖော်ပြနိုင်ပါအံ့နည်း။

ကျွန်ုပ်ဆက်လက်ဖော်ပြသွားမည့် ကျွန်ုပ်၏ဝိညာဉ်လောက ဘဝဖြစ်စဉ်များကပင်လျှင် သိစရာ၊ မှတ်စရာများ ထပ်လောင်းပေးပါလိမ့်ဦးမည်။ ကျွန်ုပ်၏ လူ့ဘဝက အသုဘအလောင်းကောင်ကိစ္စကို ဆက်ပါရစေတော့။

ကျွန်ုပ်ကွယ်လွန်ပြီးနောက် နောက်နေ့တွင် သတင်းစာတိုင်းလိုလို၌ပင် ကျွန်ုပ်ကွယ်လွန်သည့်အကြောင်း၊ ကျွန်ုပ်ရေးခဲ့သည့် စာပေများအကြောင်း၊ ကျွန်ုပ်၏ဘဝဖြစ်စဉ် အတ္ထုပ္ပတ္တိ စသည်များကို ထည့်သွင်းဖော်ပြကြ၏။ ယင်းသို့ ဖော်ပြကြသည်များကို လူအပေါင်းတို့မှာ သတင်းစာ ထွက်လာပြီး အစအဆုံးဖတ်ရှုပြီးသောအခါတွင်မှ သိကြရ၏။ ကျွန်ုပ်မှုကား ဤသို့မဟုတ်၊ ဘယ်သတင်းစာက ဘာတွေရေးလိမ့်မည်၊ ဘယ်သတင်းစာ၏ ဘယ်မျက်နှာတွင် ကျွန်ုပ်အကြောင်း ပါလိမ့်မည်ဟု ကြိုတင်သိမြင်ထားပြီး ဖြစ်၏။

mgyoe.com

mgyoe.com


ကျွန်ုပ်သိရှိထားသည့်အတိုင်းလည်း အမှန်ပင် ပါ၍လာ၏။ ဤသည်မှာ လည်း လူတို့တွင်မရှိသော အစွမ်းသတ္တိတစ်မျိုးသည် ဝိညာဉ်လောကသား တို့တွင်ရှိကြောင်း သာဓကတစ်ရပ်ပင်တည်း။

ကျွန်ုပ် ကွယ်လွန်ကြောင်း သတင်းစာတွင် ဖတ်ရှုသိရှိကြရသော လူအပေါင်းတို့သည် အချို့ကား မျက်ရည်ကျကြ၏။ အချို့မှာ ရှိုက်ကြီး တငင်ငင် ငိုယိုကြ၏။ လူဟူသည် လွမ်းစရာတွေ့လျှင်လွမ်းလျက် စိတ်ဆိုး စရာရှိလျှင် စိတ်ဆိုးလွယ်တတ်သော သတ္တဝါနုကလေးများသာလျှင် ဖြစ် သည်ဟု ကျွန်ုပ် တွေးတောမိ၏။

ကျွန်ုပ်တို့ ဝိညာဉ်လောကသားတို့ကား ဤသို့ မဟုတ်ချေတကား။ သိလျှင်သိကာမတ္တ၊ ကြားလျှင် ကြားကာမတ္တ၊ မြင်လျှင် မြင်ကာမတ္တမျှသာ ဖြစ်လျက် လူများကဲ့သို့ အပန်းတကြီး ရှိုက်ကြီးတငင် ငိုကြွေးရခြင်း၊ လှိုက် လှိုက်လှဲလှဲ အူနာသည်းနာ ရယ်မောရွှင်ပျရခြင်း မရှိချေ။ ယင်းသို့ မရှိရခြင်း သည်ပင်လျှင် ဝိညာဉ်လောက၏ သုခချမ်းသာဖြစ်ပါပေတော့၏။

ဝိညာဉ်လောက၏ ထူးခြားချက်တစ်ရပ်ကိုလည်း ဖော်ပြရပေဦးမည်။ လူ့ဘဝ၊ တိရစ္ဆာန်ဘဝမှ ကွယ်လွန်သေဆုံးခဲ့ကြလျက် ဝိညာဉ်လောကသို့ ရောက်နေသူအပေါင်းတို့သည် အသင်္ချာ အသင်္ချေ မရေမတွက်နိုင်အောင် ရှိ၏။ အဘယ်မျှ များပြားသနည်းဟူမူ ထိုဝိညာဉ်လောကသားတစ်ဦး တစ်ဦး သည် လူတို့ကဲ့သို့ ကိုယ်ခန္ဓာအတ္တဘောရှိလျက် ထိုခန္ဓာရုပ်ဒြပ်တစ်ခုသည် အဏုမြူမျှ ပမာဏသာလျှင် ရှိသည်ထားဘိဦး၊ ဝိညာဉ်လောကသားတွေ များပြားလွန်းလှသည့်အတွက် အနန္တအာကာသတစ်ခွင်လုံး တစ်ပြင်လုံးသည် ဝိညာဉ်လောကသားတို့ဖြင့် ပြည့်ရုံသာလျှင်မက ဆံ့ပင် ဆံ့နိုင်စရာ အကြောင်း မရှိချေ။

သို့သော် ဤမျှများပြားလှသည့် ဝိညာဉ်လောကသားတွေ နေစရာ နေရာရှိနေသည်မှာကား ဝိညာဉ်လောကသားဟူသည် အထက်တွင်ဆိုခဲ့ သည့်အတိုင်း အထည်ဒြပ်မရှိဘဲ သဘောမျှသာဖြစ်ပေသောကြောင့်တည်း။ ဤကိစ္စအတွက် လူများသဘောပေါက် နားရှင်းရန် ခက်ခဲလှမည်ထင်၏။ သဘောပေါက်သင့်သလောက် ပေါက်စေရန် သာဓကတစ်ရပ်ပြပါအံ့။

လူများသည် နေ့စဉ်နှင့်အမျှ အချိန်ရှိသမျှ၊ ကြားသမျှ၊ မြင်သမျှ၊

mgyoe.com

mgyoe.com


အာရုံခံစားရသမျှတို့ကို ဦးနှောက်တွင် စွဲထင်မှတ်သား၍ထား၏။ ဦးနှောက်သည် တစ်သက်ပန်လုံး ထိုအလုပ်များကို လုပ်လျက်ရှိ၏။ လူ့သက်တမ်း တစ်ရာရှိလျှင် ဦးနှောက်သည် အနှစ်တစ်ရာလုံးလုံး မှတ်၍နေရ၏။ အကယ်၍ လူ့သက်တမ်းသည် သိန်းသန်းကုဋေ မရေမတွက်နိုင်အောင် ရှည်ကြာလျှင်လည်း ဦးနှောက်က ထိုနှစ်ပရိစ္ဆေဒ ထိုနှစ်ကာလများအတွင်း အမြဲမှတ်သားနေရမည်သာလျှင်ဖြစ်၏။

ယင်းသို့ နှစ်ပရိစ္ဆေဒရှည်ကြာစွာ မှတ်သားထားရသော်လည်း ဦးနှောက်ပြည့်နေပြီ၊ ဦးနှောက်မဆံ့တော့၊ ဦးနှောက်မှလျှံ၍ ထွက်နေပြီဟု မည်သည့်အခါမျှမရှိ။ ယင်းသို့ဖြစ်ရခြင်းကား အဘယ်ကြောင့်နည်း။

အကယ်၍ ဦးနှောက်က မှတ်ရသမျှသော အမှတ်သညာတစ်ခုတစ်ခုသည် ရုပ်ဒြပ်ရှိလျက် ထိုရုပ်ဒြပ် တစ်ခုတစ်ခုသည် သဲပွင့်ကလေးတစ်ပွင့်မျှ ပမာဏရှိလျှင် အကြိမ်ပေါင်းများစွာ မှတ်သားရမှုကြောင့် သဲပွင့်လောက်ပမာဏပေါင်း မရေမတွက်နိုင်အောင် ဦးနှောက်တွင်းသို့ဝင်ကာ ဦးနှောက်ပြည့်လျှံပေါက်ကွဲ၍ ထွက်တန်ရာ၏။

အကယ်၍ ဦးနှောက်တွင် မှတ်ရသည့် အမှတ်သညာများမှာ စာရွက်ပေါ်တွင် စာရေးသည့်သဘောမျိုးသာဖြစ်ဘိမူကား နှစ်ပရိစ္ဆေဒ ကြာမြင့်လာသောအခါ ဦးနှောက်တွင် ရေးမှတ်စရာနေရာရှိတော့မည် မဟုတ်ဖြစ်လျက်နောက်ထပ် တွေ့ကြုံရသည့် အာရုံသစ်များကို မှတ်သားနိုင်တော့မည် မဟုတ်ပေ။

ဤသို့ကားမဟုတ်၊ ဦးနှောက်ဟူသည် လူ့အသက်ရှည်သမျှ အမြဲမှတ်သားနိုင်၏။ မှတ်သားသမျှကို ပြန်လည်စဉ်းစား ဖော်ကြား ထုတ်နုတ်နိုင်၏။ ယင်းသို့ ဖြစ်ရခြင်းကား ဦးနှောက်က မှတ်ရသော အမှတ်သညာမှန်မှန်သမျှသည် ရုပ်ဒြပ်မရှိသော 'သဘော' သက်သက်မျှသာ ဖြစ်သောကြောင့် မပြည့်မလျှံဘဲ အစဉ်အမြဲ မှတ်နိုင်ခြင်းသာလျှင်ဖြစ်၏။

ထို့အတူပင်လျှင် ကျွန်ုပ်တို့၏ဝိညာဉ်လောကသားတို့မှာလည်း ရုပ်ဝတ္ထုဒြပ် အထင်အရှားမရှိသည့်အတွက် မည်မျှပင် များသော်ငြားလည်း ပြည့်လျှံမောက်ဖြိုးမနေခြင်း ဖြစ်ပေသည်။

ကျွန်ုပ်ဝိညာဉ်လောကသို့ရောက်သောအခါ ရှေးနှစ်ပေါင်း အသင်္ချေ

mgyoe.com

mgyoe.com


မရေမတွက်နိုင်သော ကာလက ကွယ်လွန်သေဆုံးခဲ့ကြသည့် လူအမျိုးမျိုး၊ တိရစ္ဆာန်အထွေထွေ မရေမတွက်နိုင်သော သတ္တဝါအပေါင်းတို့ကို တွေ့ရ၏။ ဝိညာဉ်ချင်း တွေ့ကြသည့်အခါ မည်သူမည်ဝါဟု သိကြ၏။ ဘယ်ဘဝက ဘယ်မှာတွေ့ဆုံခဲ့ဖူးပါတကားဟု သတိရ၏။ သို့သော် လူများကဲ့သို့ အချိန်ကုန် လူပန်းခံကာ စကားနီးနှောပြောဆိုခြင်းကား မပြုကြတော့ချေ။ မိမိဘာသာ အလိုအလျောက် အေးအေးလူလူသာလျှင်နေကြ၏။

သြော်… ကျွန်ုပ်၏ ကျန်ရစ်ခဲ့သော အလောင်းကောင်ကို မည်သို့မည်ပုံ သင်္ဂြိုဟ်ကြသည့်အကြောင်း ဖော်ပြရပေဦးမည်။

ကျွန်ုပ်၏အလောင်းကို ငါးရက်ထား၏။ သင်္ဂြိုဟ်မည့်နေ့တွင်ကား အတော်ပင် လူစည်ကားလှပေသည်။

ပန်းခွေပို့သူများလည်း ရှိ၏။ ငိုယိုသူများလည်း မနည်း။ မျက်ရည်ပေါက်ကြီးငယ်ကျသူများမှာ အများအပြား။ ထူးခြားသော အသုဘတစ်ရပ်ပင်ဖြစ်၏။

ပို၍ထူးသည်မှာကား ကျွန်ုပ်၏ရုပ်အလောင်းကို အခြားသူများကဲ့သို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ခြင်းမပြုဘဲ ဆေးရုံကြီးဆီသို့ ပို့ဆောင်ကြ၏။ ဤသို့ပင်ပြုလုပ်ရန်အတွက် ကျွန်ုပ်မသေမီက အသေအချာ မှာထားခဲ့ခြင်းဖြစ်ပေသည်။

ကျွန်ုပ်သေလျှင် အလောင်းကို မြေမမြှုပ်ရ၊ ဂူမသွင်းရ၊ ကျွန်ုပ်၏ အရိုးစုကို ဆေးကျောင်းသို့ လှူလိုက်ပါဟု ကျွန်ုပ် မှာထားခဲ့သည့်အတွက် ဆေးရုံကြီး ရင်ခွဲတိုက်သို့ ပို့ဆောင်ကြခြင်း ဖြစ်ပေသည်။

ဤသို့ ထူးထူးထွေထွေ စီမံခဲ့သည့်အတွက် အခြားအသုဘနှင့် မတူသောကိစ္စတစ်ရပ်ကို တွေ့ကြုံရ၏။

အခြားသူတို့၏ အလောင်းကိုကား မြေမြှုပ်ကြသည်။ မီးရှို့ကြသည်။ ဂူသွင်းကြသည်။ ယင်းသို့ပြုလုပ်ကြသူများအတွက်ကား မြေမြှုပ်ပြီးလျှင် ပြန်ကြသည်။ မီးရှို့ပြီးလျှင် ကိစ္စပြီးတော့သည်။ ဂူသွင်းပြီးလျှင် မျက်နှာလွှဲကြတော့သည်။

ယခု ကျွန်ုပ်၏အလောင်းကိုကား ရင်ခွဲတိုက်တွင် ခုတ်ဖြတ်ဖျက်ဆီးကာ အရိုးတွေကို ထုတ်နုတ်ရမည်ဖြစ်ရကား ရုတ်တရက် ကိစ္စမပြီးနိုင်

mgyoe.com

mgyoe.com


သေးဘဲ စန့်စန့်ကြီးပင် တည်၍နေ၏။

ယင်းသို့ မျက်စိအောက်မှမပျောက်ကွယ်သေးသည့် အလောင်းကောင်ကြီး အထင်အရှားရှိနေသေးမှုကြောင့် ကျွန်ုပ်၏ဇနီးနှင့် သားသမီးများသည်လည်းကောင်း၊ ကျွန်ုပ်၏ရင်းနှီးခင်မင်သော မိတ်ဆွေသင်္ဂဟများသည်လည်းကောင်း အိမ်သို့ မပြန်နိုင်ကြသေးဘဲ သံယောဇဉ် မပြတ်နိုင်ဖြစ်ကာ တရစ်ဝဲဝဲဖြစ်၍နေကြ၏။ ကျွန်ုပ်၏ အလောင်းကြီးကို ကြည့်ကာ တရှုပ်ရှုပ်ငိုယိုကြ၏။

ကျွန်ုပ်၏အလောင်းကောင်ကြီးအနီးတွင် အာယမ်မျှကြာအောင် နေကြသနည်းဟူမူ ညနေနာရီပြန် တစ်ချက်အချိန်မှသည် နေဝင်ရီတရော အချိန်ထိအောင်ပင် နေကြ၏။

ည၌အချိန်ရောက်၍လာသောအခါတွင်ကား ဤအလောင်းကောင်ကြီးကို ကြည့်နေရမည့်အတွက် ကြောက်ရွံ့၍ လာကြဟန်တူသည်။ ကျွန်ုပ်၏ဇနီးအား အခြားသူများက အတင်းဆွဲခေါ်ကြ၏။ ကျွန်ုပ်၏ဇနီးကား ရှန်းကန်ရှန်းကန်နှင့်ပင် ဆွဲခေါ်သူများ၏နောက်သို့ လိုက်၍သွား၏။

ကျွန်ုပ်၏သားသမီးကလေးများသည်လည်း တကျူကျူငိုရင်း ကျွန်ုပ်၏အလောင်းကို လှည့်ကြည့်လှည့်ကြည့်နှင့်ပင် သူ့အမေနောက်သို့ လိုက်သွား၏။

သူတို့တစ်တွေ၏ ပူပန်သောကကို တွေ့ရသိရသောအခါ သူတို့အားသနားမိလေသည်။

ဤသို့ ပူရဆွေးရခြင်းကား ကိလေသာ အာသဝေါ တွယ်တာစွဲလမ်းတတ်သော သံယောဇဉ်ကြောင့်သာလျှင် ဖြစ်ပေသည်။

လူသတ္တဝါ မှန်မှန်သမျှတို့သည် ဓာတ်ကောင်ဓာတ်ရုပ် သဘောသာလျှင်ဖြစ်၏။ အမြဲမတည် ဖောက်ပြန်ပျက်စီးတတ်သော အနိစ္စသဘောသာလျှင် ဖြစ်၏။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဟူ၍မရှိ။ စက်ရုပ်ပမာ၊ ငှက်ပျောတုံး၊ လက်ပံတုံးပမာသာလျှင် ဖြစ်၏။ ဤသဘောတရားတွေကို မသိမထင်မြင်သောကြောင့်သာလျှင် တွယ်တာစွဲလမ်း အပန်းတကြီး အပူမီးလောင်ရခြင်းသာလျှင် ဖြစ်လေသည်။

ဤသည့် တွယ်တာစွဲလမ်းမှု သံယောဇဉ်အနှောင်အဖွဲ့မှ လွတ်ရာ

mgyoe.com

mgyoe.com


လွတ်ကြောင်း တရားကောင်း တရားမြတ်တွေသည် လူ့လောကတွင် အထင် အရှား ရှိပါလျက်သားနှင့် မလေ့လာ၊ မလိုက်စား၊ အားမထုတ်ကြလေသော ကြောင့်သာလျှင် ဤသို့ ပူရဆွေးရခြင်းဖြစ်ပေသည်။ ထို့ကြောင့် ပူမှုဆွေးမှု အစုစုမှ လွတ်မြောက်ရန်အတွက် သမထ ဝိပဿနာတရားများကို တကယ် ကြိုးစားအားထုတ်သင့်ကြသည်သာ ဖြစ်ပေသည်။

သံသရာတွင် ကျင်လည်ကြရကုန်သော သတ္တဝါမှန်မှန်သမျှတို့သည် မိမိတို့စွဲလမ်းရာ စရိုက်ဝါသနာများကို ဘဝဆက်တိုင်းဆက်တိုင်းပင် အထုံအစွဲ ဖြစ်လျက် ထိုစရိုက် ဝါသနာကိုပင်လျှင် လေ့လာအားထုတ်လိုကြသည်။

ထို့အတူ ကျွန်ုပ်မှာလည်း စာပေဝါသနာထုံခဲ့သူဖြစ်ရကား စာစွဲပေစွဲ မပျောက်နိုင်ဘဲ စာပေလောက၏ အဖြစ်သနစ်များကို တမလွန်ဘဝမှပင်လျှင် ကြည့်ရှုဂရုစိုက်နေမိပေသည်။

စာပေခေတ်ကား တစ်ထစ်တိုးတက်ပြောင်းလဲခဲ့ချေ၏ တကား။

စာရေးဆရာကောင်း မြောက်မြားစွာ ပေါ်ထွက်လျက်နေသည်ကို တွေ့ရ၏။ စာကောင်း၊ ပေကောင်းများကိုလည်း အတောမသတ် ရေးသား ထုတ်ဝေနေကြ၏။ စာရေးဆရာများ၏ ဝင်ငွေမှာလည်း တိုးတက်ကောင်းမွန် ကြချေပြီ။ ကျွန်ုပ် အသက်ရှင်စဉ် ဘဝကနှင့်စာလျှင် စာပေသမားများအတွက် အားတက်ဖွယ်ချည်းနှင်နှင် ဖြစ်တော့၏။

ကျွန်ုပ်မသေမီက ရေးသားထားခဲ့သည့် စာမူများကို ရိုက်နှိပ် ထုတ်ဝေ နေကြသည်ကို တွေ့ရ၏။ လူ၏စိတ်ကား ရှားပါးသည်ကိုမှ အမြတ်တနိုး ထင်တတ်ကြသည့်အတိုင်း ကွယ်လွန်လေပြီးသော စာရေးဆရာတစ်ယောက် ၏စာပေကို ပို၍စိတ်ဝင်စားစွာ ဝယ်ယူဖတ်ရှုကြသဖြင့် ကျွန်ုပ်၏ စာအုပ်များ မှာ ရောင်း၍ တွင်ကျယ်လှပေသည်။

စာအုပ်တွင်ကျယ်သလောက် ကျွန်ုပ်၏ဇနီးနှင့် သားသမီးများအတွက် ငွေကြေးရမှ ရပါလေလားဟု တွေးတောကြောင့်ကြမိကာ သတိထား၍ ကြည့်ရှုရပြန်၏။

တော်ပါသေး၏။ ကျွန်ုပ်၏ သားသမီးကလေးများအား စောင့်ရှောက် ရန်အတွက် အဖွဲ့တစ်ခု ဖွဲ့ထားကြပေသည်။ ထိုအဖွဲ့တွင် စာရေးဆရာ၊ ပန်းချီဆရာ စသော အနုပညာသမားတွေ ပါ၏။ ထိုအဖွဲ့ကပင်လျှင် ကမ

mgyoe.com

mgyoe.com


ကထပြုကာ ကျွန်ုပ်၏ စာအုပ်များအတွက် ရသင့်ရထိုက်သော ငွေကြေးကို တောင်းခံပြီး ကျွန်ုပ်၏ သားသမီးများလက်သို့ ပေးအပ်သည်။ လွန်လေပြီးသော နှစ်ပေါင်းများစွာက ကျွန်ုပ်ရေးသားခဲ့သည့် စာဟောင်း၊ ပေဟောင်းများကိုလည်း ထိုအဖွဲ့ကပင်လျှင် စုဆောင်း၍ ပြန်လည်ရိုက်နှိပ်ကာ အမြတ်အစွန်းကို ကျွန်ုပ် သားသမီးကလေးများအား ထောက်ပံ့ကြ၏။ ကျွန်ုပ်သည် တမလွန်လောကမှပင်လျှင် ထိုပုဂ္ဂိုလ်များအား သာဓုအနုမောဒနာ ခေါ်မိလေသည်။ ကျွန်ုပ်၏သားသမီးကလေးများမှာ ထိုစာမူခလေးများနှင့်ပင် စားသောက်သုံးစွဲနေကြရ၏။

ဤအဖြစ်မျိုးကို တွေ့ရသောအခါ ကျွန်ုပ် လူ့ဘဝက အဖြစ်အပျက်များကို ပြန်လည်စဉ်းစားမိပေသေးသည်။

ကျွန်ုပ်ငယ်စဉ်က စာတစ်ပုဒ်အတွက် နှစ်ကျပ်ခွဲမျှသော အသပြာကို ရခဲ့ဖူး၏။ တစ်ပြားတစ်ချပ်မျှမရသော စာမူပေါင်းမြောက်မြားစွာရှိခဲ့၏။ ကျွန်ုပ်အသက် ၅၀-အရွယ်တွင်ပင်လျှင် စာမူကို ရင်ခွင်တွင်ပိုက်လျက် တစိုက်စိုက်သွားလာလှည့်လည်ကာ ရောင်းချခဲ့ရသည့်အဖြစ်မျိုးကို ကြုံခဲ့ရဖူး၏။

ယင်းသို့ စာမူလည်၍ရောင်းသော သူတောင်းစားလို စာရေးဆရာကြီးအား အချို့က အရူးအပေါပမာ လှောင်ပြောင်သရော်ကြသည်ကို ခံခဲ့ရဖူး၏။ ယခု... ကျွန်ုပ် ကွယ်လွန်ခဲ့သောအခါတွင်မူကား... ကျွန်ုပ် တောင်းတောင်းပန်ပန်နှင့် ပေးသမျှလက်ခံကာ ရောင်းခဲ့ရသော စာပေတို့ကို ပြန်လည်ရိုက်နှိပ် ရောင်းချကာ လွန်စွာစွံ၍နေသည်ကို တွေ့ရသည့်ပြင် တချို့စာအုပ်များကို ကျောင်းသုံးပင်ပြုလုပ်ကြောင်း သိရသောအခါတွင်ကား ကျွန်ုပ်လူ့ဘဝက စာရေးဆရာဖြစ်ခဲ့ရသည့်အတွက် အားတက်ဝမ်းသာ ဂုဏ်အယူကြီး ယူမိပါပေတော့သည်။

ကျွန်ုပ်ကား သေခဲ့ပါပြီ။ သို့သော် ကျွန်ုပ်စာပေများကား မသေပါပေ။ မသေရုံသာလျှင်မက ပို၍ပင် အသက်ဝင်ကာ လှုပ်ရှားထင်ပေါ်၍ နေ၏။ ထို့ကြောင့် ကျွန်ုပ်၏နာမည်သည်လည်း မသေမပျောက် အမြဲတည်လျက်ပင် ရှိသည်ဟု ဆိုနိုင်ပါ၏။

ကျွန်ုပ် အသက်ရှိစဉ်က ဖြစ်ပျက်တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ် မှန်မှန်

mgyoe.com

mgyoe.com


သမျှကို ကျွန်ုပ်သည် လက်လွတ်မခံ စာအမြန်ရေးလိုက်သည်သာလျှင်ဖြစ်၏။ ထိုစာပေများနှင့်အတူ ကျွန်ုပ်သည် လှုပ်ရှားသွားလာ ဇာတ်ကောင်ပမာ ဖြစ်၍နေ၏။

ထို့ကြောင့် ကျွန်ုပ်၏စာပေများ တည်နေသေးသမျှကာလပတ်လုံး ကျွန်ုပ်သည်လည်း စာဖတ်ပရိသတ်တို့နှင့် အမြဲရောနှောတည်နေကာ ဘယ်သော အခါမှ မသေမပျောက်ဘဲ အသက်ထင်ရှားရှိနေသကဲ့သို့ ဖြစ်ရပေ၏။ ကျွန်ုပ်ကား လူသေသော်လည်း နာမည်မသေသေးချေတကား။

တမလွန်ဘဝမှနေ၍ ကျွန်ုပ် တွေ့ရမြင်ရချက်များကိုလည်းကောင်း၊ ဝိညာဉ်လောက၏ ထူးခြားဆန်းကြယ် အံ့ဖွယ်ရာရာတို့ကိုလည်းကောင်း ကျွန်ုပ်သည် စာပေရေးကာ စာဖတ်ပရိသတ်အား တင်ပြလိုပါ၏။ မည်သို့ တင်ပြရပါမည်နည်း။

"လိုလျှင်ကြံဆ၊ နည်းလမ်းရ" ဟူသော စကားပုံသည် ကျွန်ုပ်ကဲ့သို့သော ဝိညာဉ်လောကသားအတွက်လည်း အသုံးကျ အရာဝင်လှပေသည်။

ကျွန်ုပ်သည် ထူးထွေသောဆောင်ရွက်မှုတစ်ခုကို ပြုလိုက်၏။ စာပေအရေးအသားကောင်းလှသော စာရေးဆရာကလေးတစ်ဦးထံသို့ သန်းခေါင်ယံအချိန်တွင် ကျွန်ုပ်ရောက်သွား၏။ စာရေးဆရာကလေးကား အိပ်ရာထက်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိ၏။ ကျွန်ုပ်သည် ထိုစာရေးဆရာကလေး၏ ဝိညာဉ်ကို ခေါ်ထုတ်လိုက်သည်။ ထို့နောက် ကျွန်ုပ်နှင့် စာရေးဆရာကလေး၏ ဝိညာဉ်တို့သည် အတူယှဉ်တွဲကာ အနန္တစကြဝဠာ အဆုံးအစမရှိသော အာကာသ လဟာတစ်ခွင်သို့ တွင်တွင်ကြီး လှည့်လည်သွားလာခဲ့ကြတော့သည်။

အသင်တို့ လူသားများက နေ၊ လ၊ နက္ခတ်၊ တာရာ၊ ဂြိုဟ်၊ ကြယ် စသည်ဖြင့် အမည်အမျိုးမျိုးဖြင့် ခေါ်နေကြသော ကမ္ဘာတစ်ခုစီ တစ်ခုစီတို့သို့ စာရေးဆရာကလေးနှင့် ကျွန်ုပ်သည် လှည့်လည်ရောက်ရှိခဲ့သည်။ ထိုထိုကမ္ဘာတို့၏ ကြောင်းရာထူးပွတ် ဖြစ်စဉ်ဖြစ်ရပ်များကို ကျွန်ုပ်က ရှင်းလင်းပြောပြရသည်။ စာရေးဆရာကလေးကား သူ့ကိုယ်သူ အိပ်မက်မက် နေသည်ဟု ထင်၏။ သို့သော်... ယခုဖြစ်ရပ်ကား သူ့အတွက် အိပ်မက် မဟုတ်၊ တကယ်တွေ့ကြုံမြင်သိနေရခြင်းသာ ဖြစ်သည်။

mgyoe.com

mgyoe.com


ကျွန်ုပ်သည် စာရေးဆရာကလေးအား အနန္တစကြဝဠာကို အတော်ကြီး စုံစုံလင်လင်ပြပြီး နောက်မှ သူ့ဝိညာဉ်ကို ပြန်လွှတ်လိုက်သည်။

ကျွန်ုပ်၏ ရည်ရွယ်ချက် အထမြောက်မှ မြောက်ပါလေမလားဟု တွေးတောစိုးရိမ်ကာ စောင့်ကြည့်နေရသည်။

ကောင်းလှပေစွ၊ ကျွန်ုပ်၏ ရည်ရွယ်ချက်ကြီးကား အထမြောက်ပေတော့ပြီ။ ကျွန်ုပ်ဝမ်းသာလှသဖြင့် ဆွေ့ဆွေ့ခုန်၍နေ၏။ ကျွန်ုပ်ကား စာပေသမားပီပီ တမလွန်လောကမှပင်လျှင် စာပေများဖြစ်အောင် ဖန်တီးနိုင်ချေ၏တကား။

နာမည်ကြီးမဂ္ဂဇင်းတစ်စောင်တွင် အထက်အဆိုပါ စာရေးဆရာကလေး၏ ထူးခြားသော စာတစ်ပုဒ်ပါ၍လာ၏။ ထိုစာကား အောက်ပါအတိုင်း ဖြစ်ပေသတည်း။

## ကျွန်တော် စကြဝဠာ လှည့်ခဲ့စဉ်က

ကျွန်တော်၏ တစ်ဘဝ တစ်သက်တာလုံးတွင် ထူးခြားဆန်းကြယ် အံ့သြဖွယ် အကောင်းဆုံးဖြစ်ရပ်တစ်ခုကို တွေ့ကြုံခဲ့ရပါသည်။

တစ်ညသ၌ ကျွန်တော် အိပ်ပျော်နေစဉ် အိပ်မက်ထဲတွင် စာရေးဆရာကြီးတစ်ဦးကို တွေ့ရပါ၏။ ထိုစာရေးဆရာကြီး ကွယ်လွန်ခဲ့သည်မှာ အတန်ကြာပြီဖြစ်ရာ ကျွန်တော်၏ စိတ်ထဲတွင်လည်း သူသေပြီဖြစ်ကြောင်းကို သိနေပါသည်။

ဤကွယ်လွန်သူ စာရေးဆရာကြီးသည် ကျွန်တော့်ထံသို့ ဘယ်အတွက်လာလေသနည်းဟု ကျွန်တော် တွေးတောအံ့သြကာ သူ့အား ကြည့်၍နေစဉ်တွင်ပင်…

"မောင်ရင်… ကျုပ်နဲ့ ခဏလိုက်ခဲ့ပါ…၊ မောင်ရင် မမြင်ဖူးတဲ့ ထူးဆန်းတာတွေ ပြချင်လို့…" ဟု စာရေးဆရာကြီးက ဆိုပါလေတော့သည်။

ကျွန်တော့်မှာ ငြင်းပယ်ရန် ဆန္ဒမရှိဘဲ သူခေါ်ရာသို့ လိုက်ပါသွားမိပါတော့၏။

သွားရင်းသွားရင်းပင် ကျွန်တော်တို့နှစ်ယောက်သည် အာကာသကောင်းကင်သို့ ရောက်နေကြသည်ကို သိရပါသည်။ ခဏအတွင်းတွင်ပင်

mgyoe.com

mgyoe.com


တိမ်တိုက်များကိုဖြတ်ကျော် လွန်မြောက်ကာ တရိပ်ရိပ်တက်သွားရပေရာ မကြာမီပင်လျှင် လ ဗိမာန်သို့ ရောက်သွားကြပါ၏။

ကျွန်တော်ကျောင်းတွင်နေစဉ်က နက္ခတ်တာရာများအကြောင်း သင်ကြားရသောအခါ လ ထဲတွင် ဘာသတ္တဝါမျှမရှိဟု သင်ကြားခဲ့ရပါ၏။ ယခု ကျွန်တော် ရောက်၍သွားသောအခါတွင်ကား သတ္တဝါများကို တွေ့ရပါတော့သည်။ ထိုသတ္တဝါများမှာ ကျွန်တော်တို့နှင့်ကား မတူပါ။ သူတို့ကို တွေ့ရသည်မှာ မီးခိုးလိုလို၊ မြူမှုန်တွေလိုလို တရိပ်ရိပ်သွားလာ လှုပ်ရှားနေသည်ကိုသာလျှင် မြင်ရပါ၏။

''ဒါတွေဟာ လူတွေလား… ဆရာကြီး…'' ဟု ကျွန်တော်က အတူပါသူ စာရေးဆရာကြီးအား မေးလိုက်ပါသည်။

ထိုအခါ စာရေးဆရာကြီးသည် ဟက်ဟက်ပက်ပက်ကြီး ရယ်မောလိုက်ပြီး…

''မင်းတို့ လူဆိုတဲ့ သတ္တဝါတွေဟာ တော်တော်ခက်ပါသကွာ…၊ မင်းတို့ကမ္ဘာမှာတော့ လူနဲ့ တိရစ္ဆာန်ပဲရှိတော့ အသက်ဝိညာဉ်ရှိတဲ့ အရာ တစ်ခုခုကိုတွေ့ရင် လူလား၊ တိရစ္ဆာန်လား ဒါပဲ မေးတတ်တယ်။ ဟ… မှတ်ထားကွ…၊ အနန္တစကြဝဠာမှာ လူနဲ့ တိရစ္ဆာန်သာရှိတာ မဟုတ်ဘူး…။ တခြားသတ္တဝါတွေ အသင်္ချေအနန္တ ရှိတယ်ကွ''

ဆရာကြီး၏စကားကို ကြားရသောအခါ ကျွန်တော်အတိုင်းမသိ အံ့သြသွားမိပါသည်။ အံ့သြသွားသည့်အတိုင်း မေးလည်း မေးလိုက်မိပါ၏။

''နေထဲမှာလည်း သတ္တဝါရှိသလား ဆရာကြီး…၊ ကျွန်တော်တို့ ကြားဖူးတာကတော့ နေဟာ မီးထက် အဆပေါင်းများစွာ ပူလွန်းတဲ့အတွက် နေပေါ်မှာ ဘာသတ္တဝါမှ မရှိဘူးဆို…''

''အိမ်း… အဲဒါလည်း မင်းတို့ လူတွေရဲ့ အမြင်ကျဉ်းမှုပဲကွ…။ မင်းတို့ လူ့ပြည်မှာတော့ မီးထဲကို ဘယ်လူ၊ ဘယ်တိရစ္ဆာန်မှ မဝင်နိုင်ဘူး ဆိုတာ သိထားတော့ မီးထဲနေထဲမှာ ဘာသတ္တဝါမှ မရှိနိုင်ဘူးလို့ ထင်နေတာကိုး။ မင်းတို့ လူ့ပြည်ဆိုတာဟာ အနန္တစကြဝဠာကြီးနဲ့ နှိုင်းယှဉ်လိုက် ရင် ဘာမှ မပြောပလောက်တဲ့ မဖြစ်စလောက် သေးသေးဖွဲ့ဖွဲ့ အရာကလေး ပါကွာ…''

mgyoe.com

mgyoe.com


ကျွန်တော့်မှာ ဆရာကြီးပြောစကားကို စိတ်ဝင်စားစွာ နားစိုက်နေမိပါသည်။

"နောက်ပြီး… ရှိသေးသကွ…။ မင်းတို့လူတွေမှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနော အဲဒီကိရိယာ ခြောက်ခုနဲ့သာ အာရုံ ခြောက်ပါးကို ခံစားတွေ့ရှိနိုင်တယ်၊ အခြားအာရုံတွေကို မခံစားနိုင်ဘူး။ အဲဒီအာရုံ ခြောက်ပါးကလွဲရင် မင်းတို့ဘာမှမသိဘူး။ မင်းတို့သိနေတဲ့ အာရုံ ခြောက်ပါး အပြင် တခြားအာရုံတွေ မရေမတွက်နိုင်အောင်ရှိသကွ…၊ မင်းတို့မှာ အဲဒီ အာရုံတွေကို ခံစားဖို့ ကိရိယာမရှိကြလို့သာ မသိရတာ။ တချို့ စကြဝဠာ သားတွေမှာ မင်းတို့ထက်ပိုပြီး အာရုံခံစားနိုင်တဲ့ စွမ်းရည်သတ္တိတွေရှိတယ်။ မင်းတို့နဲ့ နည်းနည်းမှမတူတဲ့ သတ္တဝါတွေ အများကြီးပဲ။ ဒီတော့ မင်းတို့ အမြင်ကလေး မဖြစ်စလောက်နဲ့ချည်း နှိုင်းယှဉ်စံထိုး ကြည့်နေရင် ဘယ်တော့မှ လုံးဝဥဿုံ မမှန်နိုင်ဘူးကွ။ အေးလေ… မင်းတို့လူတွေဟာ ကိုယ်ခန္ဓာ အဆောက်အအုံနဲ့ စိတ်ဓာတ်ကိုက အင်မတန် ပျော့ညံ့သိမ်ဖျင်းနေတော့ အနန္တစကြဝဠာ ဖြစ်စဉ်ဖြစ်ရပ်တွေကို ဘယ်တော့မှလည်း အကုန်အစင် သိရတော့မှာ မဟုတ်ပါဘူးကွာ…။ ကဲ ပြောနေရင်ကြာတယ်၊ လာဟေ့ နေဆီကို သွားရအောင်…"

"အမယ်လေး… နေဆီသွားလို့ ကျွန်တော်တို့ကို လောင်ကျွမ်းပြီး ပြာဖြစ်မသွားပေဘူးလား ဆရာကြီးရယ်…"

"ဟားဟား… လာပြန်ပလားကွ အရူးကလေး၊ မင်းက မင်းတို့ လူ့လောကနဲ့ချည်း နှိုင်းယှဉ်ပြီး ကြည့်ကြည့်မနေစမ်းပါနဲ့လို့ ဆိုနေမှပဲ။ လာကွာ… သွားမယ်…"

မကြာမီပင် ကျွန်တော်တို့သည် နေပေါ်သို့ ရောက်သွားပါသည်။ ကျွန်တော် တင်ကြိုထင်မြင်ထားသည့်အတိုင်း လောင်ကျွမ်းပြာကျသွားခြင်း မရှိပါ၊ ကျွန်တော်တို့မှာ ဘာမျှလည်း မဖြစ်ကြပါ။ ဤတွင်မှ ကျွန်တော် အသိဉာဏ်သစ်တစ်ရပ် ဝင်လာပါတော့သည်။ အပူဓာတ်ကြောင့် လောင်ကျွမ်း ရသည်ဆိုခြင်းမှာ ရုပ်ဝတ္ထုဒြပ် ထင်ရှားရှိသော အရာသာလျှင် လောင်ကျွမ်းနိုင်၏။ ယခု ကျွန်တော်တို့ကား ကိုယ်ခန္ဓာ ရုပ်ဒြပ်မပါဘဲ ဝိညာဉ်သာလျှင် လာကြခြင်းဖြစ်ရကား အဘယ်မှာ လောင်ကျွမ်းနိုင်ပါအံ့နည်း။

mgyoe.com

mgyoe.com


ဆရာကြီး ပြောပြသည့်အတိုင်းပင်လျှင် နေထဲတွင်လည်း နေသတ္တဝါများကို တွေ့ရပါပေသည်။

"ကိုင်း… ငါပြောတာတွေ မဟုတ်ဘူးလား…၊ မင်းတို့လူတွေ အပြောများတဲ့ အင်္ဂါဂြိုဟ်ကို သွားရအောင်ဟေ့…။ အင်္ဂါဂြိုဟ်ကတော့ လူ့ကမ္ဘာနဲ့ နည်းနည်းတူတော့ မင်းနည်းနည်း ဉာဏ်မီလောက်စရာရှိရဲ့" ဟု ဆရာကြီးက ပြောကာ ကျွန်တော့်အား ခေါ်ဆောင်သွားပြန်ရာ အင်္ဂါဂြိုဟ်သို့ ရောက်ခဲ့ပြန်ပါသည်။

အင်္ဂါဂြိုဟ်တွင်ကား ကျွန်တော်တို့နှင့် ဆင်ဆင်တူသော လူများကို တွေ့ရ၏။ သို့သော် ကျွန်တော်တို့နှင့် ပုံသဏ္ဍာန် တစ်သဝေမတိမ်း တူသည်ကား မဟုတ်ပါ။

ထို အင်္ဂါဂြိုဟ်သားများသည် ကျွန်တော်တို့ကို ဝိုင်းဝန်းကြည့်ရှုနေကြ၏။ ဆရာကြီးက…

"ကိုင်း… သူတို့နဲ့ စကားကလေး ဘာကလေး ပြောလိုက်ကွာ" ဟု ဆိုပါသည်။

"ဘာစကားပြောရမလဲ ဆရာကြီး…၊ မြန်မာစကားလား၊ အင်္ဂလိပ်စကားလား…"

"ပြောပြန်ပလားကွ အရူးစကား…၊ အင်္ဂါဂြိုဟ်သားတွေဟာ ဒီစကားတွေ တတ်ပါ့မလားကွာ…၊ မင်းပဲ စဉ်းစားကြည့်စမ်းပါဦး၊ စိတ်စကားကွ… စိတ်စကား…။ မင်းပြောချင်တာကို စိတ်ထဲကပြောလိုက်၊ သူတို့သိလိမ့်မယ်။ သူတို့ကလည်း စိတ်နဲ့ပဲ ပြန်ပြောတာကို မင်းနားလည်လိမ့်မယ်…'

ဆရာကြီး ပြောသည့်အတိုင်းပင် ကျွန်တော်က စိတ်နှင့် ပြောကြည့်ရာ သူတို့ ကောင်းစွာနားလည်လျက် သူတို့စိတ်နှင့် ပြန်ပြောသည်ကိုလည်း ကျွန်တော် သဘောပေါက်ပါသည်။

"တော်တော် ထူးဆန်းတယ်နော် ဆရာကြီး…၊ ကျွန်တော်တို့ လူ့ပြည်က လူတွေ အင်္ဂါဂြိုဟ်ကိုလာဖို့ ကြံနေကြတာဟာ ဖြစ်နိုင်ပါ့မလား ခင်ဗျား‥" ဟု ကျွန်တော်က မေးလိုက်၏။

"တယ် မလွယ်ဘူးကွ၊ မဖြစ်နိုင်ဘူးလို့တော့ မပြောနိုင်ဘူး။ မင်း

mgyoe.com

mgyoe.com


နားလည်အောင် ဥပမာ ပြရမယ်ဆိုရင် ဖားကို ကြည့်ကွ…၊ ဖားဟာ ရေထဲမှာရော၊ ကုန်းပေါ်မှာရော နေနိုင်တယ်။ အဲဒီလို နေနိုင်အောင် ကိုယ်ခန္ဓာအဆောက်အအုံတည်ဆောက်ထားတယ်။ ထို့အတူပဲ လူတွေ အင်္ဂါဂြိုဟ်ကို ရောက်ချင်ရင် လူ့ပြည်မှာရော၊ အင်္ဂါဂြိုဟ်မှာရော နေနိုင်တဲ့ ခန္ဓာကိုယ် အဆောက်အအုံရှိမှဖြစ်မယ်။ အဲဒီလို မဟုတ်ရင် နေလို့မရဘူးပဲ…”

ကျွန်တော်နှင့် ဆရာကြီးသည် အနန္တစကြဝဠာကို နှံ့စပ်အောင် လှည့်လည်ကြည့်ရှုကြပါ၏။ ထူးထွေဆန်းကြယ် အံ့သြဖွယ်တို့ကား ပြော၍ မကုန်၊ အံ့၍မခန်းဖြစ်ရာ ထိုတွေ့ကြုံရချက်အားလုံးကို စာတစ်အုပ်သက်သက် ရေးသားဖော်ပြမည်ဖြစ်ရာ ဤ ယခု ကျွန်တော်၏ရေးသားချက်များကား ကျွန်တော်ရေးထုတ်လတ္တံ့သော စာအုပ်၏နိဒါန်းမျှသာ ဖြစ်ပါသတည်း။

ကျွန်ုပ်သည် စာရေးဆရာကလေး၏ အထက်ပါစာကို ဖတ်ရသော အခါ ဝမ်းအသာကြီးသာ၍ သွားတော့သည်။ ဝမ်းသာရုံသာလျှင်မကသေး၊ ကျွန်ုပ်သည် ဝိညာဉ်လောကမှနေ၍ မည်သို့မည်ပုံ စာဖြစ်အောင် ဖန်တီးရမည့်နည်းကိုလည်း သိပြီဖြစ်ပေ၏။ ထိုနည်းကိုပင်လျှင် ကျွန်ုပ်အသုံးပြုကာ တမလွန်လောကမှနေ၍ စာပေ့ဝန်ကို ထမ်းဆောင်နေရပါသေးသည်။

ကျွန်ုပ်ကား တမလွန်လောကသို့ ရောက်၍နေရသော်ငြားလည်း စာပေလောကကို သံယောဇဉ်မပြတ်နိုင်ဘဲ တဝဲလည်လည်ပင်ဖြစ်၍ နေရပါ၏။

ကျွန်ုပ် အသက်ရှင်စဉ်က အချို့က ပြောဆိုစွပ်စွဲကြ၏။ “ဒီလူကြီး စာတွေ နင်းကန်ရေးနေတာဟာ ငွေလိုချင်လွန်းလို့ ရေးတာပါကွာ…၊ အလကား ပစ္စည်းမက် စာရေးဆရာကြီးပါ…” ဟု သရော်လှောင်ပြောင် ခြင်း ခံခဲ့ရဖူး၏။

ထိုစကားများကို ကျွန်ုပ်အသက်ရှင်စဉ်က ကျေလည်အောင် မချေပ နိုင်ခဲ့ပါချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မှာ တစ်သက်လုံးပင် ဆင်းရဲခဲ့သူ ဖြစ်ရကား စာများများရေးပြီး ငွေကလေးလည်း တောင်းခံရသောကြောင့်ဖြစ် ၏။

ယော… ယခုကား ထိုစွပ်စွဲချက်ကို ကျွန်ုပ်ချေပနိုင်ပေပြီ။ တမလွန်မှ နေကာ စာပေများဖြစ်လာအောင် ဖန်တီးနေသည်မှာ ဘယ်ခွေးမသားထံက ငွေတစ်ပြားရလို့လဲ…။

mgyoe.com

mgyoe.com


လူဖြစ်စဉ်က ငွေမရှိလျှင်မဖြစ်၍ ငွေတောင်းခံရသည်။ ယခု ဝိညာဉ်လောကတွင်ကား ငွေရှိဖို့မလိုသဖြင့် ငွေမတောင်းရတော့၊ အကယ်၍ လူ့ဘဝကလည်း ကျွန်ုပ်မှာ ငွေကြေးလောက်င ပြည့်စုံနေလျှင် ငွေမတောင်းဘဲ အခမဲ့ရေး၍ ပေးနေချင်လှပါ၏။ သို့သော် ဆင်းရဲမွဲတေသော ကျွန်ုပ်၏ ဘဝကပင်လျှင် ကျွန်ုပ်အား အရှက်တကွဲအကျိုးနည်းဖြစ်အောင်၊ အထင်အမြင် အသေးခံရအောင် ဖန်တီးခဲ့ချေ၏တကား။

နိဂုံးချုပ်အနေဖြင့် တစ်ခုဖော်ပြချင်ပါသေးသည်။

ယခုအခါတွင် ဆေးကျောင်း၌ ကျွန်ုပ်၏ အရိုးစုကို ပုံမပျက် ဆက်စပ်ထားကာ "စာရေးဆရာကြီးရန်အောင်၏ အရိုးစု" ဟု စာတန်းထိုးထားသည့်ပြင် ကျွန်ုပ် ဦးနှောက်ကိုလည်း ဆေးရည်စိမ်၍ ထားပေသေး၏။

ထိုအရိုးစု၊ ထိုဦးနှောက်တို့ကို ဆေးကျောင်းသားတို့ လေ့လာကြရသည့်ပြင် စာပေသမားတို့လည်း သွားရောက်ကြည့်ရှုနေကြသည်ကို မြင်တွေ့ရသောအခါတွင်ကား ကျွန်ုပ်သည် တမလွန်လောကမှနေ၍ ဝမ်းအသာကြီးသာမိပါ၏။ ယင်းသို့ ဝမ်းသာခြင်းကား ငါဟူသော အတ္တစွဲကြောင့် မဟုတ်ပါပေ။

ကျွန်ုပ်၏ ထူးထူးခြားခြား မှာကြားစီမံခဲ့မှုကြောင့် စာရေးဆရာတစ်ယောက်၏ အရိုးနှင့် ဦးနှောက်ကို သောင်းသောင်းဖြဖြ လာ၍ ကြည့်ကြသည်။ ယင်းသို့ ကြည့်ကြသူများသည် စာရေးဆရာကို စိတ်ဝင်စားကြသူများပင် ဖြစ်၏။ စာရေးဆရာကို စိတ်ဝင်စားမှ စာပေကို စိတ်ဝင်စားမည်။ စာပေကို စိတ်ဝင်စားမှ စာဖတ်ပရိသတ်တိုးကာ စာပေလောကဖွံ့ဖြိုးစည်ပင်မည်ဟု တွေးမိသည့်အတွက်ကြောင့်သာလျှင် ကျွန်ုပ်မှာ ဝမ်းသာခြင်း ဖြစ်ရပါတော့သတည်း။ ။

မြဝတီ၊ နိုဝင်ဘာ၊ ၁၉၅၆။

❒

mgyoe.com

mgyoe.com

# လူပြန်တော်

တစ်နေ့တွင် လူတစ်ယောက်သည် ကျွန်တော်၏ထံသို့ ရောက်လာပြီး စာတစ်စောင်ကို ပေးသဖြင့် ဖတ်ကြည့်လိုက်သောအခါတွင်ကား…

ဆရာ…

တပည့်ကောင်းတစ်ယောက် ဆရာ့ထံ လွှတ်လိုက်ပါသည်။ ဆရာ့တပည့်ကို စာပြင်သင်ပေးပြီး၊ တတ်ကျွမ်းသောအခါ စာပြင်ဆရာ အလုပ်ရှာဖွေပေးပါ။ ဆရာ့အတွက် တစ်သက်လုံး အသုံးဝင်မည့် တပည့် ဖြစ်ပါသည်။

ထိုစာ၏အောက်က လက်မှတ်ထိုးသူ၏ အမည်ကို မကြည့်ဘဲနှင့်ပင် ဘယ်သူ့ထံမှ စာဖြစ်ကြောင်း ကျွန်တော် သိပါသည်။ ကျွန်တော်က အပင်ပန်းခံကာ စာပြင်တတ်အောင်သင်ပေး၊ တတ်ပြန်သောအခါ အလုပ်ရှာပေးရမည်ဖြစ်ပါလျက် "ကျွန်တော့်အတွက် တစ်သက်လုံး အသုံးဝင်မည့်သူ" ဟူ၍ မက်လုံးပြထား၏။

ဤလို မက်လုံးပြကာ ညာ၍ခိုင်းတတ်သူမျိုးသည် စာပေလောကတွင် များများစားစားမရှိလှပါ။ အလွန်ဆုံးသုံးလေးယောက် ရှိတော့မပါ့။ ထိုသုံးလေးယောက်ထဲမှ အလွန်ဆုံး၊ အကဲဆုံး၊ ခိုင်းစရာရှိလျှင်၊ ရစရာရှိလျှင် မက်လုံးပြကာ လေအဖောဆုံးသူကား… 'လေစုဖောင်းတဲ့ ငွေဥဒေါင်း' မဟုတ်ပါလော။

mgyoe.com

mgyoe.com


ငွေဥဒေါင်း စာရေး၍ လွှတ်လိုက်သောသူ၏ အင်္ဂါရုပ်ကို အကဲခတ်ကာ ကြည့်မိပါသည်။

အသက် ၄၀-နီးပါးခန့်ရှိ၏။ ပိန်ပိန်ပါးပါး၊ နှာတံပေါ်ပေါ်၊ မျက်လုံး ပြူးပြူးဖြစ်၏။ ခေါင်းတုံးမှာ ပြောင်၍နေ၏။ သူ၏ အမူအရာ မျက်နှာထားကို ထောက်ခြင်းဖြင့် သူ့အတိတ်ဘဝကို မှန်းဆကြည့်ရှုနိုင်ပါ၏။

ထို့ကြောင့် ''ဝတ်ကြောင်လဲတာ ဘယ်လောက်ကြာပြီလဲ'' ဟု ကျွန်တော်က စုံထောက်ကြီးများ၏ ဉာဏ်မျိုးဖြင့် မေးလိုက်၏။

''သိပ်မကြာသေးပါဘူး''

ဟော… ကျွန်တော်တွေးတာ မှန်မနေပါလော။

''ဘယ်နှဝါရခဲ့သလဲ…''

''ဆယ့်ခြောက်ဝါ''

''ကျွတ်…ကျွတ်…'' ဟု ကျွန်တော်က ဝမ်းနည်းစွာ စုတ်သပ်လိုက်မိ၏။

''ဒီလောက် ဝါတွေရနေရက်နဲ့ လူထွက်ရသလားဗျာ…။ လူပျို လူရွယ်ကလေးလည်း မဟုတ်တော့ဘူး၊ အသက် ၄၀-နီးနေပြီ။ ဘုန်းကြီး ဘဝသာဆိုရင် ကျောင်းထိုင်ဘုန်းကြီးတောင် ဖြစ်လောက်ပြီ''

ကျွန်တော်က လေရှည်ကာ စာချ၍နေ၏။ သို့သော် လွန်ခဲ့ပြီးသည့် ကိစ္စကို ပြုပြင်၍ရတော့မည်မဟုတ်သည့်အတွက် ကျွန်တော့်စကားကို ဘရိတ်အုပ်ကာ အလုပ်စခန်းစရန် ကြံရတော့သည်။

ကျွန်တော်သည် မြဝတီတိုက်တွင် အလုပ်လုပ်ရာ… အလျင်က ပရုပါ ကြည့်၍ပေး၏။ ယခုမူကား ပရုမကြည့်ရတော့ဘဲ အယ်ဒီတာဆိုင်ရာ အခြားအလုပ်များကို လုပ်နေသည့်အတွက် ထိုသူအား ကျွန်တော်ကိုယ်တိုင် လက်ထပ်သင်ကြားမပေးနိုင်တော့ချေ။

ကျွန်တော့်တပည့် စာပြင်ဆရာများအား သင်ကြားပေးရန် စေခိုင်းလျှင် အချိန်ကြန့်ကြာနေမည်စိုးသည့်အတွက် စာတစ်စောင်ကောက်၍ ရေးလိုက်ပါ၏။

တပည့်

ဆရာကောင်းတစ်ယောက် တပည့်ထံ လွှတ်လိုက်ပါသည်။ တပည့်

mgyoe.com

mgyoe.com


ဆရာကို စာပြင်သင်ပေးပြီး တတ်ကျွမ်းသောအခါ စာပြင်ဆရာ အလုပ်ရှာဖွေပေးပါမည်။ တပည့်အတွက် တစ်သက်လုံးအသုံးဝင်မည့်ဆရာဖြစ်ပါသည်။

အထက်ပါစာကို ဘယ်သူ့ထံရေးသည်ထင်ပါသလဲ။ အခြားသူထံ မဟုတ်ပါ။ ကျွန်တော့်အား ဒုက္ခပေးသည့် လူမသားကလေး ငွေဥဒေါင်းထံ ဖြစ်ပါသည်။

ငွေဥဒေါင်းသည် စာပေဗိမာန်မဂ္ဂဇင်း ဖိုင်နယ်ပရုကို ပြင်ဆင်ပေးနေသူဖြစ်၏။ ထို့ကြောင့် သူလက်ထပ်သင်ပေးလျှင် မကြာခင် တတ်မည်၊ တတ်လျှင် ကျွန်တော်ကအလုပ်ရှာပေးရန် တာဝန်ယူသည်။

ယင်းသို့ ငွေဥဒေါင်းထံပေးသည့် စာမှာ ခပ်နောက်နောက် တီထွင်ကာ သူက 'ဆရာ' ဟု ထည့်သည့်နေရာတွင် ကျွန်တော်က 'တပည့်' ဟု ထည့်လျက်၊ သူက 'တပည့်'ဟုရေးသည့်နေရာတွင် ကျွန်တော်က 'ဆရာ' ဟု ရေးလိုက်ခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုလျှင် သူ့စာရော၊ သူပေးသည့် ဒုက္ခရော တန်ပြန်လိုက်ခြင်း ဖြစ်ပါသည်။

"ကဲ… ဒီစာကို ယူသွား၊ ငွေဥဒေါင်းကို ပေး၊ သူ သင်ပေးလို့ စာပြင်တတ်တဲ့အခါကျတော့ ကျုပ်က အလုပ်ရအောင် ရှာပေးမယ်"ဟု ကျွန်တော်ကဆိုကာ စာကိုပေးအပ်လျက် ပြန်လွှတ်လိုက်ပါသည်။

"အင်း… ခွေးမသားကလေးပေးတဲ့ ဒုက္ခ သူ့ဆီပြန်ပို့လိုက်ပြီ… ဟီ…ဟီ…"ဟု ကျွန်တော် အကြည်ဆိုက်ကာ ဝမ်းသာနေ၏။

ကြာကြာဝမ်းမသာရပါ။ နောက်နေ့တွင် ထိုသူ ပေါက်လာပြန်၏။

"ကဲ… ဆိုစမ်း…"

"ငွေဥဒေါင်းက ပြောလိုက်တယ်၊ သူသင်မပေးနိုင်ဘူးတဲ့၊ ဆရာပဲ သင်ပေးပါတဲ့၊ ဆရာက ပရုပြင် ဝိဇ္ဇာပါတဲ့…"

ရှလော့၊ ငွေဥဒေါင်းသည် ကျွန်တော့်ကို ခိုင်းချင်သဖြင့် ဝိဇ္ဇာတွေ၊ ဝက်ဇာတွေ လုပ်ကာ ဂုဏ်ပြုနေ၏။

ကျွန်တော့်အား ဒုက္ခပေးကာ အပူကပ်ခြင်းအတွက် ငွေဥဒေါင်းကို ချည်း နင်းကန်စိတ်ဆိုး၍လည်း မဖြစ်ပါ။ ကျွန်တော့်အပြစ်လည်း ပါပါ၏။

ကျွန်တော်က လက်မနေနိုင်၊ ခြေမနေနိုင်ဖြင့် ပညာစွမ်းကလေးပြကာ လူပေါင်းများစွာကို ပရုပြင် သင်၍ သင်၍ပေးခဲ့၏။ တတ်သောသူ

mgyoe.com

mgyoe.com


များအား အလုပ်ရှာ၍ပေးသဖြင့် အချို့ ပရရီဒါ၊ အချို့အယ်ဒီတာဖြစ်နေသူများစွာရှိ၏။

အဲ… အဲ ကျွန်တော် သင်ပေးပါလျက် မတတ်သောသူ…၊ တတ်ပါလျက် အလုပ်မရသေးသူတွေလည်း ရှိသပ။

ယင်းသို့ ကျွန်တော် စေတနာ ရေစီးကမ်းပြိုလိုက်ကာ ပညာစွမ်းကလေး ပြချင်မှုကို အကွက်ကောင်းယူကာ ငွေဥဒေါင်းက နှိပ်လိုက်ခြင်းဖြစ်၏။

"ကိုယ့်အတတ် ကိုယ့်စူး၊ နုတ်လို့ရနိုင်ဘူး" ဖြစ်ကာ အကြင်လူပြိန်တော်အား သင့်လျော်အောင် နေရာချထားရပေတော့သည်။

မြဝတီတိုက်တွင်လုပ်နေသည့် ကျွန်တော့်တပည့် စာပြင်ဆရာများထံထိုသူ့ကို အပ်နှံကာ "မြန်မြန်တတ်အောင် သင်ပေးကြပါကွာ" ဟု တိုက်တွန်းရ၏။

ရက်အနည်းငယ်ခန့်ကြာလတ်သော်… ကျွန်တော့်တပည့် စာပြင်ဆရာတစ်ယောက်သည် ကျွန်တော့်ထံ ပြေးလာကာ ဤသို့ဆို၏။

"ဆရာ…၊ ဆရာ့လူ နေရာမကျဘူး ထင်တယ်"

"ဟဲ့… ဘာဖြစ်လို့လဲ…၊ မင်းတို့နဲ့ စကားများသလား" ဟု ကျွန်တော်က အထိတ်တလန့် မေးလိုက်၏။

"စကားတော့ မများပါဘူး…။ သို့ပေမဲ့ ဟိုထသွား…၊ ဒီထသွား…၊ ဟိုဟာဆွဲကြည့်… ဒီဟာဆွဲဖတ်နဲ့ ဣန္ဒြေမရဘူး…"

သူ့ဘာတွေဆွဲကြည့်၍ ဘာတွေယူဖတ်နေသည်ကို မသိရသော်လည်း သူ့ကို သင်ပေးမည့်သူက သူ့အား စိတ်မရှည်လျှင် သူ၏ တတ်မြောက်ရေးနှင့် ဝေးတော့မည်ဟုတွေးမိကာ တစ်နည်းတစ်မျိုး ကြံရပြန်ချေသည်။

ထိုပုဂ္ဂိုလ်သည် လူပြိန်တော်ဖြစ်၏။ ထို့ကြောင့် ဘဝတူ လူပြိန်တော်စာပြင်ဆရာမှသာလျှင် သူ့အထာသိကာ လျော်ကန်သင့်မြတ်အောင် ပေါင်းနိုင်၊ သင်းနိုင်၊ သင်ကြားပေးနိုင်လိမ့်မည်ဟု တွေးမိလျက် စာပြင်ဆရာလူရင်းထဲက လူပြိန်တော်ကို တွေးတောကြည့်မိ၏။

ဟော… ဟော တွေ့ပါလေပြီ၊ ကိုစိုးမောင်တဲ့။

ကိုစိုးမောင်၏သမိုင်းကို အတန်ငယ်လင်းပါရစေဦး။ လွန်ခဲ့သည့်

mgyoe.com

mgyoe.com


အနှစ် ၃၀-က ကျွန်တော်သည် 'ရန်အောင်မဂ္ဂဇင်း' ထုတ်ခဲ့၏။ ကျွန်တော်၏ မဂ္ဂဇင်းထဲတွင် ဖိုးပြန်တောင်ပျော် ဖေသူတော်ကလေး၊ ရွှေပြောင်ပြောင်မြ ကလေးဟူသော ကလောင်ရှင်များ ပါဝင်ရေးသားလျက် ပြည်အေးဟူသော စုတ်တံရှင်က ရုပ်ပုံများ ရေးဆွဲခဲ့သည်။ ယင်းသည့် ဖေသူတော်၊ မြကလေး၊ ပြည်အေးတို့ကား သရက်တောကျောင်းတိုက်၊ မှန်ကျောင်းတွင် သီတင်းသုံး ကြသော ဦးပဥ္စင်းကလေးများတည်း။

ပန်းချီဆရာကလေး ပြည်အေး၏ အစ်ကိုဦးပဥ္စင်းမှာလည်း စာပေ သမားတစ်ပါးဖြစ်သည့်အတွက် ကျွန်တော်နှင့် ခင်မင်ရင်းနှီးခဲ့၏။ ယင်းသည့် ဦးပဥ္စင်းသည် ဗဟုကိစ္စော၊ လူ့ဘုံလောကသို့ ရောက်လာရသောအခါ ကိုစိုးမောင်ဟု အမည်တွင်သတတ်။

ယင်းသည့် ကိုစိုးမောင်အား စာပြင်ဆရာအလုပ်ကို ကျွန်တော် သင်ပေးကာ ရန်ကုန် မိုးညှင်းဆရာတော် ဦးကောဝိဒ၏ ပုံနှိပ်တိုက်တွင် အလုပ်သွင်း၍ပေးခဲ့၏။

အဲ... ကျွန်တော့်ဇာတ်လိုက် လူပြန်တော်ကြီး ပရုပြင် သင်ကြားရန် အတွက် ဘဝတာကိုလိုက်၍ရှာသော် အနီးကိုစိုးမောင်ကို တွေ့ရပေသတည်း။

ထို့ကြောင့် ကိုစိုးမောင်ထံသို့ စာရေးကာ ကျွန်တော့်ဇာတ်လိုက် ကျော်ကို လွှတ်လိုက်၏။

အေးရ ပြန်ပြီ...၊ အေးရ ပြန်ပြီ...။

ထုံးစံအတိုင်းပင် ကြာကြာအေးခွင့်ကား မရပါပေ။

တစ်နေ့တွင် ကိုစိုးမောင်သည် ကျွန်တော့်ထံသို့ သေပြေးရှင်ပြေး ပြေးလာကာ "ခက်တော့တာပဲ ကိုရန်အောင်ရာ..." ဟု ညည်းရှာလေ တော့သည်။

"ဘယ်လိုခက်ပုံလဲ ပြောစမ်းပါဦး" ဟု ကျွန်တော်က မေးလိုက်၏။

"ခင်ဗျား လွှတ်လိုက်တဲ့လူပေါ့ဗျာ...၊ တစ်နေ့တော့ ဆရာတော် (မိုးညှင်းဦးကောဝိဒ) ပုံနှိပ်တိုက်ထဲ ပြေးဆင်းလာပြီး... "ဟဲ့... ငါ့အခန်းထဲ ဘယ်သူမှန်းမသိဘူး ဝင်နေတယ်...။ သူခိုးလား၊ ဓားပြလား မသိဘူး။ လာကြည့်ကြစမ်းပါဦး" ဆိုလို့ သွားကြည့်တော့ ခင်ဗျာ့လူဗျ။ "ဘာလုပ် ဝင်တာလဲ" မေးတော့ "စာဖတ်ချင်လို့ စာအုပ် လိုက်ရှာတာ" တဲ့။

mgyoe.com

mgyoe.com


ဆရာတော်က ''ဘယ်ကလူလဲ'' လို့ မေးတော့၊ '' တပည့်တော် မသိပါဘူး၊ ကိုရန်အောင် လွှတ်လိုက်တဲ့လူပါ''လို့ လျှောက်ရတယ်။ တကယ်လို့ ကျုပ်လူလို့သာပြောရင် ကျုပ်ကို အပြစ်တင်စရာ ဖြစ်မနေပေဘူးလားဗျာ…။ ခင်ဗျားလူကို ကြည့်လုပ်ပါဦး။ တော်တော်ကြာ သူ့အတွက် ကျုပ်ပါ အမှုပတ်နေပါဦးမယ်ဗျာ…''။

''ဒါဖြင့် ကျုပ်လူ ကျုပ်ဆီကို ပြန်လွှတ်လိုက်လေ'' ဟု ကျွန်တော်က ခပ်ပေါ့ပေါ့ပင် ပြောလိုက်၏။

အပြောပေါ့သော်လည်း အလုပ်ကား မပေါ့လှပါ။ လူတကာ အော့ကြောလန်၊ လူပြန်တော် ကိုပြာနောက်ကြီးကို မည်သည့်ပုံနှိပ်တိုက်တွင် အပ်နှံသင်ကြားစေရပါမည်နည်းဟု တွေးတောကြံစည် ဉာဏ်နီ၊ ဉာဏ်နက် ထုတ်နေရ၏။

နောက်နေ့တွင်ကား ကိုယ်တော်မြတ်ကြီး ပေါက်၍လာလေတော့သည်။ ကျွန်တော့်မှာလည်း အသင့်ကြံပြီး၊ စည်ပြီးဖြစ်သည့်အတိုင်း စာတစ်စောင်ရေးကာ ပုံနှိပ်တိုက်တစ်တိုက်သို့ လွှတ်လိုက်ရ၏။ ထိုပုံနှိပ်တိုက်တွင် ကျွန်တော်၏ တပည့်တစ်ယောက် အလုပ်လုပ်လျက်ရှိရာ တပည့်က စာပြင်သင်ပေးပြီး တတ်လျှင် သူတို့၏ပုံနှိပ်တိုက်တွင် လူလိုက ခန့်ထားရန် စာထဲတွင် ထည့်လိုက်၏။

မကြာလှပါ။ ပွဲတိုင်းလန် လူပြန်တော်ကြီးနှင့် ကျွန်တော့်တပည့် ပေါက်၍လာကြ၏။

တပည့်က ''ဒီလိုဖြစ်နေတယ် ဆရာ…'' ဟု စကားစလိုက်ရာ ကျွန်တော်က ''အေး… တစ်ခုခုတော့ ဖြစ်တော့မယ်ဆိုတာ ငါလည်း မျှော်လင့်ပြီးသားပါကွာ…'' ဟု ပြောလိုက်၏။

''ဒီလိုဆရာရဲ့…၊ ကျွန်တော်တို့ ပုံနှိပ်တိုက်က အသစ်ဖြစ်နေတယ်။ ကျွန်တော်ကလည်း အလုပ်ဝင်တာ ရက်ပိုင်းလောက်ပဲရှိသေးတော့ လူသစ်ပဲ။ ဒီတော့ ကျွန်တော့်သဘောနဲ့ ဒီလူကိုထားဖို့ မဖြစ်နိုင်ဘူး။ ဆရာကိုယ်တိုင် လိုက်ပြီး ကျွန်တော်တို့ မန်နေဂျာကို ပြောပြအပ်နှံပေးပါ။ စာပြင်သင်ပေးဖို့တော့ ကျွန်တော့်တာဝန်ထားပါ…''

''အင်း… ကိုယ်တင်တဲ့စစ်ကဲ… ကိုယ်ရှေ့ဦးမှ ဖြစ်တော့မကိုး''

mgyoe.com